# မြန်မာ့အလင်း

၁၂၇၃ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၆၄)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၁၃ ရက်၊ သောကြာနေ့။


ကျွန်တော်တို့ဘယ်သူ့ကိုမှ နိုင်ငံရေးအတိုက်အခံသမားတွေကို နှိပ်စက်ညှဉ်းပန်းမှုမလုပ်ဘူး။ သို့သော်လည်း ဒီစည်းကမ်းချက်တွေက လွန်လာပြီးတော့ ကိုးရိုးကားရား တိုင်းပြည်အကျိုးမဲ့အောင်လုပ်ရင် ဒါ… ကျွန်တော်တို့ ကြည့်မနေနိုင်ဘူး။ ကျွန်တော်တို့အဖွဲ့က အတိုက်အခံသမားတွေကို တရားသဖြင့် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆူပူခွင့် အဲဒီအခွင့်အရေးတွေပေးတာကို အသားယူပြီး မတရားလုပ်ရင်တော့ ကျွန်တော်တို့ သေသေချာချာ ချရမှာပဲဆိုတာ ကျွန်တော်ပြောချင်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ ပြောကြားခဲ့သော နှစ်သစ်ကူးမိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့အား မလေးရှားနိုင်ငံဘုရင်နှင့် မိဖုရားတို့က ဂုဏ်ပြုကြိုဆို





**ကွာလာလမ်ပူ မတ် ၁၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့အား မလေးရှားနိုင်ငံ ဘုရင်ဆူလတန် အဗ္ဗဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားနှင့် မိဖုရားရာဂျာပါမိုင်ဆူရီ အက်ဂွန်တွန်ကူဟာဂျာဟာမီနာတို့က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် မလေးရှားနိုင်ငံကွာလာလမ်ပူမြို့ရှိ ပါလီမန်ရင်ပြင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုသည့် ပါလီမန်ရင်ပြင်သို့ ရောက်ရှိလာရာ မလေးရှားနိုင်ငံဘုရင်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံဘုရင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး နိုင်ငံတော်သမ္မတက ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မလေးရှားဘုရင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ လိုက်ပါလာကြသည့်အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။ **(သတင်းစဉ်)**

**ယနေ့ မာတိကာ**

**အပြုသဘော ကုသိုလ်စိတ်ဖြင့်**

ဆောင်းပါး စာ » ၆

**ထိန်းသိမ်းခဲ့သည့် ကျောင်းသားကျောင်းသူများအား သက်ဆိုင်ရာမိဘများထံသို့ ပြန်လည်အပ်နှံ**

စာ » ၁၁



## အထက်ပိုင်းမိုးရွာသွန်းလာ၍ ဧရာဝတီမြစ်ရေ စံချိန်တင်ကျဆင်းခဲ့ရာမှ ပြန်လည်မြင့်တက်လာ

**မန္တလေး မတ် ၁၂**

ပြီးခဲ့သည့်နှစ်က ပျမ်းမျှမိုးရေချိန်နည်းပါးမှုကြောင့် ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီ ၂၆ ရက်နေ့အထိ စံချိန် တင်ကျဆင်းခဲ့ပြီးနောက်ပိုင်း ပြန်လည်မြင့်တက်လာကြောင်း မိုး/ဇလ (မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်က ပြောသည်။ *စာမျက်နှာ ၃ ကော်လံ ၅*




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကိုယ်ကျင့်တရားတန်ဖိုးထား

လူတစ်ဦးတစ်ယောက်အနေဖြင့် ကိုယ်ကျင့်တရားသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ကိုယ်ကျင့်တရားပျက်ပြားလျှင် အရာအားလုံးပျက်ပြားနိုင်ပါသည်။ ကိုယ်ကျင့်တရားသည် လူ့တန်ဖိုးပင်ဖြစ်ပါသည်။ ကောင်းမွန်သောကိုယ်ကျင့်တရားသည် ပစ္စုပ္ပန်တွင်သာမက သံသရာအထိ ကောင်းကျိုးပေးနိုင်ပါသည်။

ထို့ကြောင့်လည်း ပညာရှိတို့က "ဥစ္စာနေဆုံးရှုံးလျှင် ဘာမှမဆုံးရှုံးဟုမှတ်ပါ (When Wealth is lost, Nothing is lost)၊ ကျန်းမာရေးဆုံးရှုံးပြီဆိုလျှင် တစ်စုံတစ်ရာဆုံးရှုံးပြီဟုမှတ်ပါ (When Health is Lost, Something is lost)၊ ကိုယ်ကျင့်တရားဆုံးရှုံးပြီဆိုလျှင် အားလုံးဆုံးရှုံးပြီဟုမှတ်ပါ (When Character is Lost, Everything is Lost)"ဟု ဆိုခြင်းပင်ဖြစ်ပါသည်။ ကိုယ်ကျင့်တရားသည် လူသားတစ်ဦးအနေဖြင့် အရေးအကြီးဆုံးဖြစ်ပါသည်။

ဤသို့ဖြင့် ကိုယ်ကျင့်တရားကောင်းအောင် အဓိကလိုက်နာဆောင်ရွက်သင့်သောအချက်မှာ အဂတိတရားကင်းရှင်းရေးပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ရုပ်သိမ်းခဲ့ပါသည်။ ဤအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် အာဏာသက်ရောက်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရခြင်း၏ အဓိကရည်ရွယ်ချက်သည်ကား သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်စေရန်အတွက်လည်းကောင်း၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းများနှင့် နိုင်ငံသားများ၏အခွင့်အရေးနှင့် အကျိုးစီးပွားများ ထိခိုက်မှုမရှိစေရေးအကာ အကွယ်ပေးရန်သော်လည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ယခုအခါ အဂတိလိုက်စားသူများအား ထိရောက်စွာအရေးယူဆောင်ရွက်နေပြီဖြစ်ပါသည်။

အဂတိတရားကင်းရှင်းအောင်ဆောင်ရွက်ခြင်းသည် မိမိ၏ဂုဏ်သိက္ခာကိုမြှင့်တင်ပေးရုံမက နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက်ပေးရာရောက်ပါသည်။ အဂတိလိုက်စားသူတစ်ဦးအနေဖြင့် တစ်ချိန်ချိန်တွင် မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းမည်။ နိုင်ငံတော်ပိုင်ပစ္စည်းများလည်း ဆုံးရှုံးမည်။ ပြည်သူများ၏အမှန်တရား လိုလားတောင့်တချက်များလည်း ထိခိုက်နိုင်ပါသည်။ သို့ပါ၍ မိမိအတွက်လည်းအကျိုးရှိ၊ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာရောက်သည့်အတွက် လူတိုင်းလူတိုင်း ကိုယ်ကျင့်တရားကောင်းအောင် နေထိုင်ပြုမူဆောင်ရွက်သင့်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

### ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။
- ★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

### မြန်မာ့လယ်ယာထွက်ကုန်များ ဈေးကွက်ခိုင်မာသည့် နိုင်ငံများသို့ တင်ပို့ရောင်းချရန်ဆောင်ရွက်



**နေပြည်တော် မတ် ၁၂**

မြန်မာ့လယ်ယာထွက်ကုန်များကို ဈေးကွက်နှင့် ဈေးနှုန်းခိုင်မာသေချာသည့် တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်၍ စီးပွားဖြစ်တင်ပို့ရောင်းချနိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံချက်ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

ထို့ကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ လုပ်ငန်းရှင်များက စားသုံးမှုဘေးအန္တရာယ် ကင်းရှင်းလုံခြုံစိတ်ချရမှု အပြည့်အဝရရှိရန် ထွက်ရှိလာသည့် သီးနှံများကို ခေတ်မီ အအေးခန်းစနစ်ဖြင့် သိုလှောင်ခြင်း၊ သန့်စင်ဆေးကြောစက်များဖြင့် ဆောင်ရွက်ခြင်း၊ အဆင့်မြင့်ထုပ်ပိုးခြင်းတို့ဖြင့် ဆောင်ရွက်၍ အအေးခန်းစနစ်ပါ ကွန်တိန်နာများဖြင့် ရေကြောင်း၊ လေကြောင်းတို့မှ တင်ပို့ရောင်းချနိုင်ရန် လိုအပ်သော အခြေခံ အဆောက်အအုံများကို နည်းပညာနှင့် ငွေကြေးများ ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မတ် ၁၁ရက် နံနက် ၈ နာရီတွင် ဥတ္တရသီရိမြို့နယ် တောင်သူပညာပေး တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀စိုက်ကွင်းတွင် တောင်သူများကိုယ်တိုင်နှင့် စိုက်ပျိုးရေးပညာရှင်များက ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် စိုက်ပျိုးရန် ပျိုးထောင်ထားရှိသောကိုရီးယားနိုင်ငံဈေးကွက်သို့ ပိဿာချိန် လေးသိန်းတင်ပို့ရန် စိုက်ပျိုးမည့် ငရုတ်သီးနှံစိုက်ခင်းသို့ ရောက်ရှိကြပြီး အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးပညာရှင် Mr. Muraka နှင့်အတူ သက်တမ်း ၂၅ ရက်သား ငရုတ်ပျိုးခင်းကိုကြည့်ရှုစစ်ဆေး၍ စနစ်တကျ ရွှေ့ပြောင်းစိုက်ပျိုးရေးနှင့် ရွှေ့ပြောင်းစိုက်ပျိုးစဉ်ကာလတွင် အရိပ်စနစ်ဖြင့် စိုက်ပျိုးကြရန် တာဝန်ရှိသူများအား မှာကြား သည်။

ထိုမှတစ်ဆင့် ဂျပန်မူရင်းမျိုးကန်စွန်းဥ မျိုးသန့် မျိုးပွားစိုက်ခင်း အောင်မြင်နေမှုကို ကြည့်ရှုပြီး အိတ်စွပ်စနစ်ဖြင့် ဆောင်ရွက်ရန်နှင့် သုတေသနမှတ်တမ်းများ ထားရှိကြရန် မှာကြားသည်။

ယင်းနောက် ကညွတ်-ငရုတ်သီးနှံ ရောနှောစိုက်ခင်း အော်ဂဲနစ်သင်္ဘောသီးစိုက်ခင်း၊ ကိုရီးယားမူရင်းမျိုး ခရမ်းချဉ်ပင်၊ ဘူးသီးစိုက်ခင်း၊ ဆီထွက်သီးနှံ နေကြာစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုပြီး တာဝန်ရှိသူများအား ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် တောင်သူလယ်သမားများက သီးနှံရာသီအလိုက် စီးပွားဖြစ် စိုက်ကွင်းထူထောင်၍ တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံဈေးကွက်များသို့ ရောင်းချနိုင်ရန် ဈေးကွက်၏ လိုအပ်ချက်ပမာဏအတိုင်း တန်ချိန် (ပိဿာချိန်) အပြည့်အဝ တင်ပို့နိုင်ရေးအတွက် တစ်နေရာတည်းတွင် အလုံအလောက်စိုက်ပျိုးထွက်ရှိပြီး ဝယ်ယူတင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးထွက်ရှိသော သီးနှံများ၏ အရည်အသွေးပိုင်းကို စံချိန်စံညွှန်းကိုက်ညီစွာ စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်ကြောင်း မြန်မာ့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို နိုင်ငံတကာဈေးကွက်တွင် အခိုင်အမာနေရာရရှိရေးအတွက် "မြန်မာအမှတ်တံဆိပ် (Myanmar Brand)" အား အသိအမှတ်ပြုလာသည်အထိ ကြိုးပမ်း ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၇၀-၁၀၇၅ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၂၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၆၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၂၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၄၀၀-၂၀၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၀၀-၁၅၃၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၅၀-၂၉၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၇၀၀ |
| သကြား | တစ်ပိဿာ | ၈၀၀-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့၄တင်ပြသည်။

ပြည်တွင်းသတင်း

# စိန်ခေါ်မှုများကြုံတွေ့ရချိန်တွင် အတွေ့အကြုံ အကြံဉာဏ်ကောင်းများပေးခြင်းသည် ရည်မှန်းချက်ပန်းတိုင်ရောက်ရန် ဆုံးဖြတ်မှုကိုခိုင်မာစေ

**နေပြည်တော် မတ် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာဖီဒယ်ဗီရာမို့စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံ သမ္မတတာဝန် ထမ်းဆောင်ခြင်းမပြုမီ ဖိလစ်ပိုင်တပ်မတော်တွင် ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်ခဲ့ပါကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်တစ်ဦး အနေဖြင့် ဖိလစ်ပိုင်တပ်မတော်ကို ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်သည်တော်များနှင့် ပြည်သူလူထု၏ ချစ်ခင်မှုကို ရယူနိုင်ခဲ့ပါကြောင်း။

ထို့အပြင် အဆွေတော်အနေဖြင့် ဖိလစ်ပိုင် နိုင်ငံရေးလောကထဲသို့ ရောက်ရှိပြီး နိုင်ငံတော်သမ္မတတာဝန်ကို ၁၉၉၂ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ခြောက်နှစ်ကြာ ထမ်းဆောင်ခဲ့သည့် အချိန်တွင်လည်း ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးအား နိုင်ငံတကာတွင် ယုံကြည်မှုပြန်လည်ရရှိရန်နှင့် ပြန်လည်ရှင်သန် နိုးထလာစေရန်တို့အတွက် ဆောင်ရွက်နိုင်ခဲ့သည်ဟု လူအများက အသိအမှတ်ပြု လေးစားခြင်းခံခဲ့ရပါကြောင်း၊ အဆွေတော် သမ္မတတာဝန် ထမ်းဆောင်စဉ် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် ပြုလုပ် ချမှတ်ခဲ့သောမူဝါဒများနှင့် အစီအစဉ်များကြောင့် ဖိလစ်ပိုင်နိုင်ငံ၌ နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ပြည်သူများ၏ ချစ်ခင်လေးစားမှု၊ ဒေသတွင်းနိုင်ငံများ၏ ချစ်ခင်လေးစားမှု၊ ကမ္ဘာ့အသိုက်အဝန်း၏ ချစ်ခင်လေးစားမှုများ ရရှိခဲ့သူတစ်ဦးလည်း ဖြစ်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ဂုဏ်ယူလေးစားခဲ့ရပါကြောင်း။

ယနေ့မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျှော်လင့်ထားသည်ထက် စိန်ခေါ်မှုများ များစွာကြုံတွေ့ရပါကြောင်း၊ ဤအခြေအနေနှင့် အချိန်အခါမျိုးတွင် အဆွေတော် လာရောက်လည်ပတ်၍ အမြင်ချင်းဖလှယ်ခြင်း၊ အတွေ့အကြုံကောင်းများနှင့် အကြံဉာဏ်ကောင်းများ ပေးခြင်းသည် မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင် ရောက်အောင် ဆောင်ရွက်ရန် ဆုံးဖြတ်ထားမှုကို ပိုမိုခိုင်မာစေပြီး ယုံကြည်မှုရှိလာပါကြောင်းဖြင့် ပြောကြားသည်။



ယင်းနောက် ဖိလစ်ပိုင်သမ္မတဟောင်း မစ္စတာ ဖီဒယ်ဗီရာမို့စ်က ယနေ့ မျက်မှောက်ကမ္ဘာ၏ နိုင်ငံရေး၊ စီးပွားရေး အနေအထားသည် ပြောင်းလဲနေသည်ဖြစ်၍ မိမိတို့ဒေသတွင်း နိုင်ငံများသည်လည်း စည်းစည်းလုံးလုံးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သင့်ပါကြောင်း၊ ယခုအခါ နိုင်ငံများ၌ သဘာဝပတ်ဝန်းကျင် ဖောက်ပြားခြင်းနှင့် အခြားသော အထွေထွေစိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရသည့်ကာလ ဖြစ်ပါကြောင်း။

ယနေ့ မြန်မာနိုင်ငံသည် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နုနယ်သော ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံဟု ဆိုနိုင်သော်လည်း မိမိတို့ဖိလစ်ပိုင်နိုင်ငံသည်ပင်လျှင် မိမိတို့ကိုယ်မိမိတို့ နုနယ်သေးသော ဒီမိုကရေစီနိုင်ငံအဖြစ် ခံယူထားပါကြောင်း၊ စဉ်ဆက်မပြတ် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်နေသေးသည်ဟု ခံယူထားပါကြောင်း။

မိမိအနေဖြင့် အာဆီယံနှင့် အာရှ-ပစိဖိတ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေး၊ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ထွန်းကားရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သံတမန်ရေးလုပ်ငန်း(၃)ရပ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Sustainable Development (စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ခြင်း) ရှိရန်သည် အရေးကြီးဆုံးအပိုင်းဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်များပြည့်ဝရေး၊ ပျော်ရွှင်ရေးနှင့် မျှော်လင့်ချက်များ ရှင်သန်ရေးသည် အရေးကြီးပါကြောင်း။

နိုင်ငံတစ်နိုင်ငံအနေဖြင့် လွတ်မြောက်ရှင်သန်ရန်၊ ထိုးဖောက်ရန်နှင့် ရှေ့သို့ ဆက်လက်ချီတက်ရန်မှာ အလွန်ပင် အရေးကြီးပါကြောင်း၊ မိမိတို့၏ လက်ဝယ်တွင်ရှိသော အကူအညီ သယံဇာတများကို အကောင်းဆုံးအခြေအနေရရန် မည်သို့စီမံဆောင်ရွက်ရမည် ဆိုသည်မှာလည်း အရေးပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် အစိုးရ၊ လွှတ်တော်နှင့် ပြည်သူများ ပူးပေါင်းပါဝင်မှုသည် အဓိကကျပါကြောင်း၊ အဆွေတော်၏ ကောင်းမွန်သည့် အကြံဉာဏ်များ ရရှိသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Alex G.Chua လည်း တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်သည်တော် ဖိလစ်ပိုင် သမ္မတဟောင်းတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အကြီးအကဲနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)အကြီးအကဲ Rt. Hon. Helen Clark နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Ms. Ertharin Cousin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဒေါ်ဒွဲဘူ၊ ဒေါ်နန်းနွံ၊ ဒေါ်နန်းစေအွာ၊ ဒေါ်ခင်စောဝေနှင့် ဒေါ်မိမြင့်သန်း၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



### ❒ ရွှေဖုံးမှ

မန္တလေးမြို့၊ ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီ ၂၆ ရက်က ရေနည်းမှတ် ၃၆၀ စင်တီမီတာထက်နိမ့်ကျကာ ၃၁၉ စင်တီမီတာ ကျဆင်းခဲ့ရာမှ ၂၇ ရက်မှစတင်၍ မြင့်တက်လာပြီး မတ် ၁၂ ရက်နေ့တွင် မြစ်ရေအမှတ် ၃၈၅ စင်တီမီတာသို့ ရောက်ရှိလာသည်။

"ပုံမှန်အားဖြင့်တော့ ဖေဖော်ဝါရီနဲ့ မတ်လတွေမှာ တစ်နှစ်ကိုတစ်ကြိမ်ကျဆင်းတတ်ပေမယ့် ဒီနှစ်ဖေဖော်ဝါရီ တတိယပတ်မှာ စံချိန်တင် ကျဆင်းခဲ့တာ။ ပြီးခဲ့တဲ့နှစ်က မိုးဦး/မိုးလယ်ရွာသွန်းမှုနည်းခဲ့တယ်။ ခုတော့ မြစ်ရေပြန်တက်လာတာက အထက်ပိုင်းမှာ မိုးရွာသွန်းမှုရှိလာလို့ပါ " ဟု ၎င်းက ပြောကြားသည်။

ဧရာဝတီမြစ်ရေသည် ၂၀၀၆ ခုနှစ်မှစ၍ ကိုးနှစ်အတွင်း ရေနည်းမှတ်အောက် စံချိန်တင်ရောက်ရှိခဲ့၍ ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်ကလည်း ဆက်တိုက် ကျဆင်းခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၈ ရက်က ၃၄၂ စင်တီမီတာမှ ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ၃၄၁ စင်တီမီတာထိ စံချိန်တင်ကျဆင်းခဲ့ကြောင်း၊ မြစ်အထက်ပိုင်း၌ မိုးရွာသွန်းမှုနှင့် ဟိမဝန္တာတောင်တန်း၊ ပူတာအိုစသည့် တောင်ပေါ်ဒေသတို့တွင် အပူချိန်ကြောင့် ရေခဲများ အရည်ပျော်လာသဖြင့် ဧရာဝတီမြစ်ရေ ပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း သိရသည်။

"မြစ်ရေနည်းရင် သောင်ပေါ်လာပြီး ရေနက်ကြောင်းပေါ်လာတော့ မြစ်ကြောင်းသွား ရေယာဉ်တွေအခက်အခဲမရှိပါဘူး။ သတ်မှတ်ရေစူးအတိုင်း တင်ဆောင်မောင်းနှင်မယ်ဆိုရင်ပေါ့။ မန္တလေး-ကသာကြားမှာ ရေစူးက လေးပေခွဲရှိတယ်။ ရေယာဉ်တွေက ရေစူးလေးပေနဲ့ သွားလာမယ်ဆိုရင် အဆင်ပြေတယ်။ မြစ်ရေကျတာက ရေယာဉ်တွေအတွက် ထင်သလောက် အခက်အခဲမရှိဘူး" ဟု မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်က ပြောကြားသည်။

မြစ်ရေ ကျဆင်းခြင်းသည် အထက်ပိုင်းဒေသ မိုးရွာသွန်းမှု နည်းပါးခြင်း၊ မြစ်ကြောင်းတစ်လျှောက် အနည်ပို့ချမှု ပိုမိုလာခြင်းများ ဖြစ်ပေါ်လာသော်လည်း ရေယာဉ်များ သွားလာမှုအတွက် အခက်အခဲမရှိခြင်းမှာ ရေနက်ကြောင်း ပေါ်လာခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။ မတ် ၁၂ ရက်က ဧရာဝတီမြစ်ရေ အမှတ်သည် မြစ်ကြီးနားတွင် ၁၃၃ စင်တီမီတာ၊ ဗန်းမော်တွင် ၃၂၅ စင်တီမီတာ၊ ကသာတွင် ၁၇၁ စင်တီမီတာ၊ မန္တလေးတွင် ၃၈၅ စင်တီမီတာ၊ စစ်ကိုင်းတွင် ၂၄၉ စင်တီမီတာနှင့် ညောင်ဦးတွင် ၁၁၀၉ စင်တီမီတာ ရှိနေကြောင်း မိုး/ဇလ(မန္တလေး)မှ သိရသည်။

**အောင်သန့်ခိုင်**

# ရိုးရာလက်ဝှေ့မျိုးဆက်သစ်များပေါ်ထွန်းစေရန် နိုင်ငံတစ်ဝန်း လက်ဝှေ့အခမဲ့သင်တန်းများ ဖွင့်လှစ်ပေးမည်

**ရန်ကုန် မတ် ၁၂**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ရိုးရာလက်ဝှေ့ကလပ်အသင်းများက ပူးပေါင်းဖွင့်လှစ်ပေးမည့် မြန်မာ့ရိုးရာ လက်ဝှေ့အခမဲ့ သင်တန်းများကို နိုင်ငံတစ်ဝန်း၌ မကြာမီ ဖွင့်လှစ်ပေးတော့မည်ဖြစ်ကြောင်း မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

ယခုဖွင့်လှစ်ပေးမည့် နွေရာသီ မြန်မာ့ရိုးရာလက်ဝှေ့ အခမဲ့သင်တန်းများကို မတ် ၁၆ ရက်မှ ဧပြီ ၁၀ အတွင်း နိုင်ငံတစ်ဝန်းရှိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် ဖွင့်လှစ်ပေးသွားမည် ဖြစ်သည်။ သင်တန်းတက်ရောက်လိုသည့် လက်ဝှေ့ဝါသနာရှင် မျိုးဆက်သစ်များ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ ရိုးရာလက်ဝှေ့ရုံ ဦးဒေါင်းနီ ဖုန်း-၀၁-၃၉၉၃၀၂၊ မရမ်းကုန်းမြို့နယ် S T L ရိုးရာလက်ဝှေ့ကလပ်မှ ဦးစောသဲလေး ဖုန်း-၀၉-၅၀၅၉၉၁၈၊ မြောက်ဥက္ကလာပမြို့နယ် အဖြူရောင်သွေးသစ်လက်ဝှေ့ကလပ်မှ ဦးအောင်ပွဲမောင် ဖုန်း-၀၉-၃၁၀၄၃၁၀၄ နှင့် ဒို့ရိုးရာလက်ဝှေ့ကလပ်မှ ဦးအေးသိန်း ဖုန်း-၀၉-၄၂၂၄၉၀၇၅၈၊ ဒဂုံမြို့သစ်မြောက်ပိုင်း ဝါဆိုရိုးရာလက်ဝှေ့ကလပ် ဦးစိုးမိုးနိုင် ဖုန်း-၀၉-၄၂၁၀၉၆၉၃၇၊ တာမွေမြို့နယ် T &T ရိုးရာလက်ဝှေ့ကလပ်မှ ဦးဇေယျာ ဖုန်း-၀၉-၇၃၀၅၃၁၅၉၊ အင်းစိန်မြို့နယ် ထော့မဲ့ပါ ရိုးရာလက်ဝှေ့ကလပ်မှ ဦးငွေးကြိုင် ဖုန်း-၀၉-၂၅၀၀၈၃၀၉၃၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် စွမ်းကေကေရိုးရာလက်ဝှေ့ကလပ်မှ ဦးမောင်မောင် ဖုန်း-၀၉-၄၃၁၅၆၃၆၀၊ ကရင်ပြည်နယ် ဘားအံမြို့တွင် မိဂသီရိုးရာလက်ဝှေ့ကလပ် ဦးမိုးပုလဲ ဖုန်း-၀၉-၄၉၇၇၀၀၄၅၊ တောင်ကလေး ရိုးရာကလပ်မှ ဦးရာဇာ ဖုန်း-၀၉-၄၂၅၀၄၀၇၂၄၊ တိုက်ဂါးရိုးရာ လက်ဝှေ့ကလပ်မှ ဦးဇာနည်ဆင်ရိုင်း ဖုန်း-၀၉-၄၂၅၀၀၀၆၆၈၊ မိုးထက်အောင် ရိုးရာလက်ဝှေ့ကလပ်မှ ဦးဝမ်ချိုင်း ဖုန်း-၀၉-၄၉၂၉၂၃၂၇၊ မွန်ပြည်နယ် မုဒုံသား ရိုးရာလက်ဝှေ့ကလပ်မှ ဦးသမိန်ရဲသွေး ဖုန်း-၀၉- ၄၀၁၅၈၃၂၈၉ တို့နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မွေဟောက်မင်း ရိုးရာလက်ဝှေ့ကလပ်မှ ဦးမြင့်ဝေ(ခ)ရေမြွေ ဖုန်း-၀၉-၄၉၃၀၁၇၂၁ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

" ကျွန်တော်တို့ ဒီနွေရာသီ ရိုးရာလက်ဝှေ့ အခမဲ့သင်တန်းကတော့ ပထမဦးဆုံးဖြစ်ပါတယ်။ မျိုးဆက်သစ်လက်ဝှေ့ဝါသနာရှင်တွေ ဒီထက်ပိုမိုပေါ်ထွန်းလာပြီး မြန်မာလူမျိုးတိုင်းရဲရင့်သောစိတ်ဓာတ်နဲ့ ကျန်းမာသန်စွမ်းပြီး ကိုယ်လုံပညာတတ်ကျွမ်းစေရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ အခုလိုဖွင့်လှစ်ပေးတာဖြစ်ပါတယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ဦးမောင်ဝင်း(CEO)က ပြောကြားသည်။

မကြာမီက စတင်ကျင်းပခဲ့သည့် အပတ်စဉ်မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပွဲကိုလည်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့်ကာလအတွင်း ခဏတာရပ်နားထားပြီး မတ် ၂၉ ရက်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင်**

# ပထမဆုံးသော ကမ္ဘာပတ်နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 အိန္ဒိယနိုင်ငံ၌ ဆင်းသက်

**အမက်ဒါဘတ် မတ် ၁၂**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လောင်စာအသုံးပြုကာ ခရီးဝေးပျံသန်းမှုများကို သရုပ်ဖော်ပြသရန် ကီလိုမီတာ ၃၅၀၀၀ (၂၂၀၀၀ မိုင်) ကွာဝေးသည့် ဒုတိယမြောက် ခရီးစဉ်အဖြစ် ပျံသန်းနေသော ပထမဆုံးသော ကမ္ဘာပတ် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်သည် ပြီးခဲ့သည့် မတ် ၁၁ ရက်က အိန္ဒိယနိုင်ငံ၌ ဆင်းသက်ခဲ့သည်။

အဆိုပါ Solar Impulse-2 လေယာဉ်သည် အိုမန်နိုင်ငံ မတ်စကပ်မြို့တော်မှ အာရေဗျပင်လယ်ကိုဖြတ်ကျော်ကာ ၁၅ နာရီနီးပါး ပျံသန်းမောင်းနှင်ပြီးနောက် အိန္ဒိယနိုင်ငံ အနောက်ပိုင်းမြို့တော် အမက်ဒါဘတ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

"ဒီလို နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်တစ်စင်းထဲမှာ ပျံသန်းမောင်းနှင်ရတာ အထူးအခွင့်အရေးတစ်ခုပါ"ဟု လေယာဉ်မှူး ဘတ်ထရန်ပက်ကဒ်က လေယာဉ်ဆင်းသက်ပြီးနောက် သတင်းထောက်များကို ပြောကြားသည်။

တစ်နာရီလျှင် ကီလိုမီတာ ၅၀ နှင့် ၁၀၀ ကြား (တစ်နာရီမိုင် ၃၀ မှ မိုင် ၆၀) နှုန်းဖြင့် ၂၅ ရက်ကြာနီးပါး ကမ္ဘာတစ်ပတ် ပျံသန်းနေသော ယင်းဆိုလာလေယာဉ်သည် အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့တော်မှ မတ် ၉ ရက်က ခရီးစတင်ထွက်ခွာလာခဲ့ပြီး လေယာဉ်မှူး ပက်ကဒ်နှင့်အတူ တွဲဖက်လေယာဉ်မှူး အန်ဒရီဘော့ချ်ဘတ်ဂ်က တစ်ယောက်တစ်လှည့်စီ ထိန်းချုပ်မောင်းနှင်လျက်ရှိသည်။ Solar Impulse-2 လေယာဉ် နောက်ထပ်ရပ်နားမည့်နေရာမှာ အိန္ဒိယဝန်ကြီးချုပ် မစ္စတာမိုဒီ၏ မဲဆန္ဒနယ်မြေဖြစ်သည့် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဗာရာဏသီမြို့တော်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ထွက်ခွာပြီးနောက် Solar Impulse-2 လေယာဉ်သည် ပစိဖိတ်သမုဒ္ဒရာ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတောင်ပိုင်းကို မဖြတ်သန်းမီ မြန်မာနိုင်ငံ မန္တလေးမြို့နှင့် တရုတ်နိုင်ငံတွင် ခရီးတစ်ထောက် ရပ်နားမည်ဖြစ်ပြီး ဇူလိုင်လ နှောင်းပိုင်းတွင် အဘူဒါဘီမြို့တော်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။



Solar Impulse-2 လေယာဉ်သည် မြန်မာနိုင်ငံ၌ သမိုင်းဝင်ဆင်းသက်မှုအဖြစ် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မတ် ၁၇ ရက် ညနေ ၅ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ ယင်းနေ့ ညနေ ၅နာရီခွဲမှ ၆ နာရီထိ သတင်းထောက်များ ရောက်ရှိကြောင်း မှတ်ပုံတင်ရမည်ဖြစ်ပြီး ၆ နာရီမှ ၆ နာရီခွဲအထိ ဆိုလာလေယာဉ်ကို လှည့်လည်ကြည့်ရှုမည်ဖြစ်ကာ ၆ နာရီခွဲ မှ ၈ နာရီအထိ ကျင်းပမည့် သတင်းစာရှင်းလင်းပွဲတွင် Jardine Schindler Group မှ အမှုဆောင်ချုပ် မစ္စတာ ဂျူဂျာဒန်ဂျီနာက အမှာစကားပြောကြားမည်ဖြစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ ခရစ်စတိုဘာဂျန်နာနှင့် Solar Impulse-2 လေယာဉ်မှူးတစ်ဦးက အမှာစကားများ ပြောကြားမည်ဖြစ်သည်။

Solar Impulse-2 လေယာဉ်မှာ ကားငယ်တစ်စီး၏ အလေးချိန် ကီလို ၂၃၀၀ (ပေါင် ၅၁၀၀) မျှသာရှိသော်လည်း တောင်ပံများမှာ အကြီးမားဆုံးလေယာဉ်တစ်စင်း၏ တောင်ပံနီးပါး ရှည်လျားသည်။ Solar Impulse-2 လေယာဉ်ဒီဇိုင်း ရေးဆွဲမှုနှင့် တည်ဆောက်မှုမှာ ၁၂ နှစ်ကြာမြင့်ခဲ့သည်။ Solar Impulse-2 လေယာဉ်၏ ပထမပုံစံကို ၂၀၀၉ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ပြီး လူလိုက်ပါ မောင်းနှင်သည့် နေရောင်ခြည် စွမ်းအင်သုံး လေယာဉ်တစ်စင်း သွားရောက်သည့် အမြင့်နှင့်ခရီးအကွာအဝေး စံချိန်များ တင်နိုင်ခဲ့ကြောင်း သိရသည်။

(သုတ)

# ဆီးရီးယားအကူအညီပေးရေး အောင်မြင်မှုမရှိ



**နယူးယောက် မတ် ၁၂**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အနေဖြင့် ဆီးရီးယားနိုင်ငံအတွင်း အရပ်သားများအား ကာကွယ်ရေးနှင့် အကူအညီပေးရေး ဆုံးဖြတ်ချက်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း အကူအညီပေးရေးအဖွဲ့ ၂၁ ခု၏ အစီရင်ခံစာထွက်ပေါ်လာသည်။

ဆီးရီးယားပဋိပက္ခသည် ငါးနှစ်အတွင်း ဝင်ရောက်လာပြီဖြစ်ရာ ယခုနှစ်သည် အဆိုးရွားဆုံးဖြစ်ကြောင်း နှင့်အဖွဲ့များ အပါအဝင်အကူအညီပေးရေးအေဂျင်စီများက ပြောသည်။

၂၀၁၁ ခုနှစ်မှစတင်ကာ ဆီးရီးယားပြည်သူ ၈၃ ရာခိုင်နှုန်းသည် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း အခြားသော လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့၏ အစီအရင်ခံစာတွင် ဖော်ပြသည်။

ကာလရှည် ဆောင်ရွက်ရမည့် အကူအညီပေးရေး အစီအစဉ်သည် နိုင်ငံရေးအရ ဖြေရှင်းရန်လိုအပ်နေဆဲဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောကြားသည်။

၂၀၁၄ ခုနှစ်သည် ဆီးရီးယားနိုင်ငံအတွင်း အကာအကွယ်မပေးနိုင်ဆုံးနှစ်ဖြစ်ပြီး ဆီးရီးယားပြည်သူ ၇၆၀၀၀ သေဆုံးခဲ့ရသည်။ ကလေး ၅ ဒသမ ၆ သန်းသည် အကူအညီများ လိုအပ်လျက်ရှိသည်။

(ဘီဘီစီ)

# ရုရှား၌ ဈေးဝယ်စင်တာမီးလောင် လူ လေးဦးသေ၊ ၃၀ ဒဏ်ရာရ

**မော်စကို မတ် ၁၂**

ရုရှားနိုင်ငံ၏မြို့တစ်မြို့ဖြစ်သည့် ကာဇန်ရှိ ဈေးဝယ်စင်တာတစ်ခုတွင် မီးလောင်ကျွမ်းမှုကြောင့် လူလေးဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့သည်။ စတုရန်းမီတာ ၄၀၀၀ ခန့်ကို မီးလောင်ခဲ့ပြီး မီးကိုငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ အဆောက်အအုံ၏ ဘယ်ဘက်အပိုင်းမှာ ပျက်စီးခဲ့ရပြီး အန္တရာယ်ဖြစ်စေမည့် အပျက်အစီးများကြောင့် မီးသတ်သမားများ အတွင်းသို့မဝင်နိုင်ခဲ့ကြောင်း အရေးပေါ်ဝန်ကြီးဌာန ကိုယ်စားလှယ် မာရတ်ရက်ခ်မာတာလင်က ပြောခဲ့သည်။

လူ ၆၀၀ ကျော်ကို ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ အသက် ၂၈ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် မီးထဲတွင်သေဆုံးသွားခဲ့သလို အခြားသုံးဦးမှာလည်း ဆေးရုံတွင် ဒဏ်ရာပြင်းထန်မှုကြောင့် သေဆုံးခဲ့ရသည်။ လူ ၃၀ ဒဏ်ရာရရှိခဲ့ပြီး ၂၀ မှာ ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိပြီး အခြားသူများမှာလည်း ဆေးကုသမှုခံယူလျက်ရှိသည်။

ကယ်ဆယ်ရေးလုပ်သားများအပါအဝင် လူပေါင်းများစွာတို့သည် ဈေးဝယ်စင်တာဝင်ပေါက်ရှိ အပျက်အစီးများကြားတွင်ပိတ်မိပြီး အပျက်အစီးများကြားမှ ၎င်းတို့ကို ဆွဲထုတ်ကယ်ဆယ်ခဲ့ရသည်။ လူတစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ အပျက်အစီးများအောက်တွင် ပိတ်မိနေသော လူပေါင်းများစွာကိုကယ်တင်ရန် လေ့ကျင့်ထားသောခွေးများအသုံးပြု၍ မီးလောင်ကျွမ်းခဲ့သော နေရာတစ်ဝိုက်တွင် ရှာဖွေမှုများပြုလုပ်လျက်ရှိသည်။

ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် မီးလောင်ကျွမ်းရသည်ဟု ယူဆရသော်လည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။ ဈေးဝယ်စင်တာမြေညီထပ်ရှိ ကော်ဖီဆိုင်မှစတင်၍ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ပရက်စ်တီဗွီ)

# ထိုင်းအိမ်ရှေ့မင်းသမီးဟောင်း၏ မိဘများ ဘုရင်စနစ်ကိုဝေဖန်ခဲ့သည့်အတွက် ထောင်ဒဏ်ချမှတ်ခံရ



**ဗန်ကောက် မတ် ၁၂**

ထိုင်းအိမ်ရှေ့မင်းသမီးဟောင်း၏ မိဘများအား ဘုရင်စနစ်ကို ဝေဖန်ပြောဆိုခဲ့ခြင်းအပေါ် အပြစ်ရှိသည့်အတွက် ထောင်ဒဏ်နှစ်နှစ်ခွဲစီ စီရင်ချမှတ်လိုက်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ထိုင်းအိမ်ရှေ့မင်းသား မဟာဗာဂျီရာလောင်ကွန်နှင့် မကြာမီက ကွာရှင်းပြတ်စဲလိုက်သော ဆူဝါဒီ၏မိဘများအား ဘုရင်စနစ်ကိုဝေဖန်ခဲ့သည့်အတွက် တရားရုံးက ထောင်ဒဏ်စီရင်ချက်ချမှတ်လိုက်ခြင်းဖြစ်သည်။ ၎င်းတို့သည် လွန်ခဲ့သည့် ၁၂ နှစ်က တော်ဝင်မိသားစုဝင်အဖြစ်ရှိနေစဉ် အလွဲသုံးစားပြုလုပ်ခဲ့ခြင်းကြောင့် အရေးယူခံရခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဆူဝါဒီ၏ ဆွေမျိုးကိုးဦးကို ဖမ်းဆီးလိုက်သည်။

ထိုင်းတော်ဝင်မိသားစုသည် ကမ္ဘာပေါ်ရှိ ဘုရင့်ဥပဒေများနှင့် အကာအကွယ်ပေးထားသော မိသားစုများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဘုရင်၊ မိဖုရားနှင့် ထီးမွေနန်းမွေဆက်ခံသူများအား မလိုလားအပ်သော ဝေဖန်ပြောဆိုမှုကို ဥပဒေဖြင့်တားမြစ်ထားရာ ထောင်ဒဏ် ၁၅ နှစ်အထိ ချမှတ်နိုင်သည်ဟု ဆိုသည်။

(ဘီဘီစီ)

ဥပဒေရေးရာ

***National Network for Education Reform (NNER)*** *နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# အပြုသဘော ကုသိုလ်စိတ်ဖြင့်

**ကျော်ကျော်**

ပြောဆိုလှုပ်ရှားတွေးခေါ်ရေးသားနေကြသူ (တော်တော်များများ)က တိုင်းပြည်အတွက်၊ တိုင်းပြည်အနာဂတ်အတွက်၊ ဒီမိုကရေစီအတွက်၊ ဒီမိုကရေစီလှုပ်ဘောင်အတွက်လို့ ပြောနေ၊ ရေးနေ တွေးခေါ်လှုပ်ရှားလုပ်ဆောင်နေကြပါသည်။

သတိရှိကြစေချင်ပါသည်။ သတိရှိကြပါခင်ဗျာဟု ဤဆောင်းပါးဖြင့် တင်ပြအစီရင်ခံလိုပါသည်။

ဟုတ်တယ်၊ မှန်တယ်၊ တော်တယ်ဆိုတာတိုင်းလည်း ချက်ချင်းလုပ်မရတာ၊ ချက်ချင်းမဖြစ်သင့်တာ၊ ချက်ချင်းဖြစ်ရင် အနာဂတ်မှာ ရေရှည်ကိုက်ညီမှုမရှိတာ၊ အခြေခံမခိုင်မာတာ၊ ဒါလေးတွေထည့်သွင်းစဉ်းစားသင့်ပါသည်။

အဓိကက စိတ်ရှည်သင့်ကြပါသည်။

ကောင်းတာလုပ်တာ အများအကျိုးလုပ်တာဆိုတိုင်းလည်း ရှုထောင့်စုံမမှန်နိုင်တာ၊ ရှုထောင့်စုံက ကြည့်ဖို့လိုတာ၊ ဒါတွေ စိတ်ရှည်ရှည်နဲ့ ဆောင်ရွက်ရန်လိုအပ်ပါသည်။ အမှန်တရားမှာလည်း အမြဲမှန်၊ အချိန်ကာလအရ မှန်၊ ဒေသအခြေအနေအရ မှန်၊ ဒီလိုရှိတတ်ပါသည်။

ဗုဒ္ဓအလိုအရ အမှန်၊ လောကဓာတ်ပညာအရ အမှန်၊ အခြေအနေ အချိန်အခါ၊ ကာလဒေသအပြောင်းအလဲအရ အမှန်၊ ဒီလိုလည်းရှိတတ်ပါသည်။

လောကသဘာဝ အမြဲထာဝရ အမှန်တစ်ခုမှာ၊ အရာရာအမြဲပြောင်းလဲနေခြင်း ဖြစ်ပါသည်။ မပြောင်းလဲတာဆိုလို့ ပြောင်းလဲခြင်းတရားတစ်ခုပဲရှိတယ်ဆိုတဲ့ နိယာမစကားကိုလည်း သတိပြုသင့်ကြပါသည်။

လောကမှာ သတိပြုစရာတွေ အများကြီးပါ။ ဖျားနာနေတဲ့ ရင်သွေးအဖျားပျောက်အောင် ဆေးခါးကြီးကို ချိုချိုလေးပြောပြီး ဆေးတိုက်တိုင်းအဲဒီမိခင် မုသာဝါဒကံ မထိုက်ပါ။

အိုးကို ရိုက်ပုတ်တိုင်းအိုးထိန်းသည်ကို အပြစ်မဆိုရပါ။ အိုးကိုကွဲစိမ့်သောငှာ အိုးထိန်းသည်သည် အိုးကို မရိုက်ပုတ်၊ အိုးကောင်း၏ အရည်အသွေးပြည့်ဝစိမ့်သောငှာ ရိုက်ပုတ်၏ဆိုတဲ့ မြန်မာဆိုရိုးလေးကို သတိပြုရန်လိုပါမည်။

မြန်မာဆိုရိုးဆိုလို့ သတိပြုစရာတင်ပြလိုပါသည်။ ကမ္ဘာနဲ့အဝန်းဆက်စပ်ပြီး ကံသုံးပါးအမှု (ပြု၊ ပြော၊ ကြံစည်) နေကြတာမို့ ကမ္ဘာနဲ့အဝန်း International တို့ Global တို့ကိုလည်း မပစ်ပယ်ကောင်းသလို မြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံသားတွေဖြစ်တာမို့ မြန်မာမှုနယ်ပယ်ဆိုတာကိုလည်း လျစ်လျူမရှုကောင်းပါ။

ဖြစ်စဉ်ဖြစ်ရပ်လိုအပ်ချက် ဝါဒသဘောထားတိုင်းဟာ ဗုဒ္ဓတရားတော်အရ အဆိုးအကောင်း အကျိုးအပြစ်ဒွန်တွဲနေတာကိုလည်း သတိပြုရပါမည်။

အရိုးဆုံး ဥပမာတစ်ခုပါ။ အကိုက်အခဲပျောက်ဆေးဟာ အကိုက်အခဲကိုပျောက်စေသလို နှလုံးတုန် အစာအိမ်ထိခြင်းကိုလည်း ဖြစ်စေပါသည်။

အခုမှန်နေတဲ့အရာဟာ ကာလတစ်ခုမှာ ပြောင်းလဲသွားနိုင်ပါသည်။

ရိုးရာအစဉ်အလာထိန်းပြီး ရက်ကန်းစင်က ချည်ထည်ကိုဝတ်သင့်ပါသည်။ သို့သော် ကျန်းမာရေးအထောက်အကူပြုတဲ့ ခေတ်မီခေတ်ဆန်တဲ့အဝတ်ကိုလုံးဝမသုံးတော့ဘူးဆိုရင်လည်း အစွန်းရောက်နေမှာပါ။

အစဉ်အလာဆိုတဲ့ စကားပါလာတာမို့ အစဉ်အလာအကြောင်းလည်း သတိပြုစေလိုပါသည်။ အစဉ်အလာဆိုတာ မပျက်ကောင်း၊ မဖျက်ကောင်းဆိုတဲ့စကားရှိပါသည်။ အစဉ်အလာကို ထိန်းရမယ်ဆိုတဲ့စကားရှိပါသည်။ ဖြည့်စွက်လိုတာက ကောင်းသောအစဉ်အလာကို ထိန်းရမယ်လို့ပြည့်စုံအောင်ပြောလိုပါသည်။ မကောင်းသောအစဉ်အလာကို မကျင့်သုံးရဘူး။ ပယ်ဖျက်ရမယ်လို့လည်း သက်ရောက်ပါသည်။

မောင်နဲ့နှမ၊ သားနဲ့အမိ အမြင်တင့်၊ ဘဝင်တင့်တဲ့ သပြေခက်၊ ပိတောက်ခက်နဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသဘင်ပွဲရဲ့ အစဉ်အလာကို ထိန်းရပါမည်။ သူတစ်ပါးထိခိုက်နစ်နာ၊ နာကျင်စေမည့် မည်သည့်ပြုပြောကြံစည်မှုတွေမဆိုကိုတော့ အစဉ်အလာ ဖျက်ပစ်ရပါမည်။ ဖျက်ရဲရပါမည်။

အစဉ်အလာဆိုရာမှာ မကောင်းသောအစဉ်အလာကို အမွေမပေးမိဖို့လည်း လိုအပ်ပါသည်။

ဟမ်မူရာဘီရဲ့ An eye for an eye ကို မှန်တယ်လို့ယူဆတဲ့အချိန်ကာလတစ်ခုရှိခဲ့ပါသည်။ "မျက်လုံး မျက်လုံးချင်း အသက်အသက်ချင်းဆိုရင် သနားကြင်နာခြင်းနဲ့ချစ်ခြင်း၊ မေတ္တာတရားတွေ လူသားမျိုးနွယ်စုတွေ ကွယ်ပျောက်သွားတော့မှာပေါ့" ဟူသော မဟတ္တမဂန္ဒီရဲ့စကားဟာလည်း အချိန်ကာလပြောင်းလဲမှုအပေါ် လူသားစိတ်ဓာတ်အမှန်တရားဖြစ်လာပါသည်။

ဆိုချင်တာက မြတ်ဗုဒ္ဓဘုရားရှင်ဟောကြားဆုံးမတော်မူသော ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ကမ္မဖလဝါဒတရားတော်၊ သစ္စာလေးပါးတရားတော်ကလွဲရင် မှန်တယ်ဆိုတဲ့ အယူအဆအတွေးအခေါ်တွေဟာ အချိန်ကာလ၊ ဒေသ၊ ဖြစ်စဉ်၊ ဖြစ်ရပ်တွေပေါ်တည်မှီပြီး ပြောင်းလဲတတ်ပါသည်။ ဒီနိယာမအမှန်ကို သတိလက်ကိုင်ပြုပြီး လက်ရှိပစ္စက္ခလူ့လောကမှာ လူ့ဘဝဖြစ်စဉ်ကြီးထဲမှာ ဆန္ဒတွေမစော၊ စိတ်တွေမလောကြဘဲ ဖြစ်ချင်တာတွေ ဖြစ်သင့်ရဲ့လား၊ ဖြစ်သင့်တာတွေအချိန်ကျပြီလား၊ အချိန်ကျသည့်တိုင် လိုအပ်တဲ့ Characteristic တွေ ပြည့်စုံပြီလား ဆန်းစစ်နိုင်ကြဖို့ပါ။

စိတ်ရှည်သည်းခံနိုင်ကြဖို့ပါ။

နီးရင်မြင်နိုင်ပြီး ဝေးရင်မမြင်နိုင်ပါ။ ယေဘုယျသဘာဝအမှန်စကားလေးပါ။

သို့သော် ခြွင်းချက်ဆိုတာ လောကမှာ ရှိစမြဲပါ။

လက်ဝါးကိုမျက်စိနဲ့ ကပ်ထားပြီး ကြည့်ကြည့်ပါ။ လက်ဝါးကို မမြင်ရတော့ပါ။ လက်ဝါးကိုမျက်စိနဲ့ သင့်ရုံအကွာအဝေးခွာလိုက်ပါ။ ဝေးလိုက်ပါ။ မြင်ရပါလိမ့်မယ်။ ဒါခြွင်းချက်ပါပဲ (ဝေးမှ မြင်လိုက်ရတာပါ)။

Panorama ဆိုတဲ့ အံ့မခန်းရှုခင်းကြီးမှာ ပါဝင်တဲ့ ကျောက်တုံးလေးကို အနီးကပ်ကြည့်ရင် Panorama ကြီးကို မမြင်ရတော့ပါ။ ခွာလိုက်မှ ဝေးလိုက်မှ အပေါ်စီးတစ်နေရာ အမြင့်အဝေးတစ်နေရာကို ရွှေ့လိုက်မှ Panorama ကို မြင်နိုင်ပါသည်။ ဝေးမှမြင်ရတာပါ။

ယေဘုယျနိယာမတိုင်းမှာ ခြွင်းချက်များရှိတာကို အဂတိတရား (၄)ပါးကင်းပြီး ပြု၊ ပြော၊ ကြံကြဖို့ပါ။

ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ အဂတိတရား (၄)ပါးကို အကျယ်ချဲ့ပြရန် မလိုဟု ယုံကြည်ပါသည်။

နီးလွန်းလျှင် မမြင်ဟူသော အယူအဆသဘောသဘာဝများရှိပါလျက် အဂတိတရားတစ်ခုခုကြောင့် မမြင်ချင်လျှင်မမြင်၊ မြင်ချင်လျှင်မြင် ဖြစ်တတ်ပါသည်။

"ရောမမြို့ကြီးကို တစ်နေ့တည်း တည်ဆောက်ခဲ့ခြင်း မဟုတ်ပါ။"

"မိုင် ၁၀၀၀ ခရီးကို ပထမဆုံး ခြေတစ်လှမ်းမှ စတင်ပါသည်။"

သတိပြုဖွယ်ရာ ဆိုရိုးများဖြစ်ပါသည်။

နီးလျက် မမြင်မှာ စိုးပါသည်။

၄-၁၀-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သမိန်ဗြတ်ဇ၏ "ဆွစ်ကျေးလက်တစ်နေရာ လယ်တောခြံလေးမှအပြန်" ခရီးဆောင်းပါးတွင်-

"၁၇၉၈ ခုနှစ်တွင် ပြင်သစ်ကျူးကျော်မှု ပေါ်ပေါက်ခဲ့ရာမှ ဆွစ်ဇာလန်နိုင်ငံရေးစနစ် အပြောင်းအလဲဖြစ်ပေါ်ခဲ့ရသည်။ ၁၈၄၈ ခုနှစ်တွင် ဖက်ဒရယ်စနစ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာခဲ့ပြီး ယနေ့ခေတ် ဆွစ်ဇာလန်နိုင်ငံအဖြစ် စတင်ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။"

"ဆွစ်ဇာလန်နိုင်ငံ၏ ဖက်ဒရယ်စနစ်မှာ နေ့ချင်းညချင်း ပေါ်ပေါက်ခဲ့ခြင်းမျိုးမဟုတ်ဘဲ နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရခြင်းဖြစ်သည်ကို ကောင်းစွာသဘောပေါက်နားလည်ခဲ့ရပေသည်။ စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် နောက်ထပ်ခြေလှမ်းများစွာလှမ်းနိုင်မည့် ကြုံတွေ့လာရသော စိန်ခေါ်မှုများကို လက်ချင်းတွဲကျောချင်းကပ်ပြီး ရင်ဆိုင်ကျော်လွှားရဦးမည့် သဘောကို. . . ."

ဤစာပိုဒ်များပြုစုခဲ့သော ဆောင်းပါးရှင် သမိန်ဗြတ်ဇကို ကျေးဇူးတင်မိပါသည်။

ဤစာပိုဒ်ပါ အဓိပ္ပာယ်များကို တိုင်းပြည်နှင့်လူမျိုးအတွက်၊ နိုင်ငံတော်အတွက်ဟု ခံယူလုပ်ကိုင်ပြောဆိုကြံစည်နေကြသူအားလုံး နက်နက်နဲနဲတွေးခေါ်စဉ်းစား သုံးသပ်ကျင့်သုံးကြစေလိုပါသည်။

Generation ဆိုသော. . . မျိုးဆက်တိုင်းမျိုးဆက်တိုင်းသည် အနာဂတ်မျိုးဆက်များအတွက် အကောင်းဖြစ်သော အကျိုးကျေးဇူးဖြစ်သော ရလဒ်များအတွက် တာဝန်ရှိပါသည်။

ယခုမျက်မှောက်ခံစားနေကြရသော အကျိုးရလဒ်အားလုံး အတိတ် Generation . . . ကြောင့်ပါ။ ယခု Generation များ. . . အနာဂတ် Generation အတွက် အပြုသဘောဆောင်ရွက်ကြရပါမည်။

ဤတွင် စကားတစ်ခွန်း သတိပြုစေလိုပါသည်။

အရင်ကောင်းမှ ယခုကောင်းပါမည်။

ယခုကောင်းတာ အရင်ကောင်းလို့ဖြစ်ပါသည်။

ယခုမကောင်းတာ အရင်မကောင်းခဲ့လို့ဖြစ်ပါသည်။

သို့ဆိုလျှင် ယခုကောင်းရန် ယခင်ကကောင်းရန်လိုပါသည်။

အလားတူပင်. . .

ယခုကောင်းမှ နောင်ကောင်းပါမည်။

ယခုမကောင်းလျှင် နောင်မကောင်းပါလိမ့်မည်။

ဤသို့ဆိုလျှင် ယခုကောင်းရန်လိုပါသည်။

ယခုမကောင်းလျှင် နောင်မကောင်းဖြစ်ပါလိမ့်မည်။

တရားစာသဘောအရ ရေးပြခြင်းဖြစ်ပါသည်။ မကောင်း၊ အဟောင်းဝေါဟာရများတွင် အခြေအနေအချိန်အခါအရ ချို့ယွင်းချက်၊ အမှားလုပ်ဆောင်မှု အားနည်းချက်ဟု အဓိပ္ပာယ်ယူရပါမည်။

မည်သည့် Generation မှ အနာဂတ် Generation အတွက် အမှားများ၊ အဆိုးများ၊ အပြစ်များ၊ သောကဝေဒနာများ၊ ဆိုးရွားနစ်နာမှုများဖြစ်ကြစေဟု ရည်ရွယ်လုပ်ဆောင်ခဲ့ကြခြင်း မရှိပါ။

ဆောင်းပါးအစတွင် တင်ပြခဲ့သလို ဤလောကသည် အဆိုးအကောင်းဒွန်တွဲလောက ဖြစ်ပါသည်။

လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သော မျိုးဆက်ကြောင့် ယခုမျိုးဆက်သည် လွတ်လပ်သော နိုင်ငံသားအဖြစ် အကျိုးကိုရရှိပါသည်။

လွတ်လပ်ရေးနှင့်အတူပေါက်ဖွားလာသော ပြည်တွင်းသောင်းကျန်းမှုကြောင့် ယခုမျိုးဆက်များ ပြည်တွင်းသောင်းကျန်းမှု၏ အကျိုးဆက်ဖြစ်သော ရပ်ရွာမအေးချမ်း၊ မသာယာ၊ မဖွံ့ဖြိုးခြင်းအဆိုးကို ခံရပါသည်။

လွတ်လပ်ရေးတိုက်ပွဲဝင်သူများအနေဖြင့် ပြည်တွင်းသောင်းကျန်းမှုအဆိုးကို တမင်ဖန်တီးခဲ့ကြခြင်း မဟုတ်ပါ။ (ငြိမ်းချမ်းရေးတည်ဆောက်စဉ်ကာလ လောက်ကိုင်ဖြစ်စဉ်မျိုး၊ အကောင်းကိုသာ ပြု ပြော ကြံစည်သူမှန်က ဘယ်သူမှမဖြစ်ကြစေလိုပါ)

ပုထုဇဉ်လူသားတို့၏ လောကတံထွာ အစဉ်အလာသဘောသာဖြစ်ပါသည်။ မျိုးဆက်တိုင်းသည် ဆိုးမွေကောင်းမွေကို ခံယူကြရပါသည်။ အနာဂတ်မျိုးဆက်ကောင်းမွန်ဖို့အတွက်တော့ လက်ရှိမျိုးဆက်၏ မေတ္တာစေတနာ အကြင်နာတရားများ သတိရှိကြဖို့လိုပါသည်။

အမိနိုင်ငံကို၊ အမိတိုင်းပြည်ကိုချစ်ခြင်းသည် အနာဂတ်မျိုးဆက်သစ်ကို ချစ်ခြင်းမည်ပါသည်။ အမိနိုင်ငံ အမိတိုင်းပြည်ကိုချစ်၍ ယနေ့ယခုပစ္စုပ္ပန်ကာလတွင် ပြု ပြော ကြံကြသူများအားလုံး ယောနိသောမနသိကာရဖြစ်ကြဖို့တော့ သတိပြုစေလိုပါသည်။

အပြုသဘောကုသိုလ်စိတ်ဖြင့် မှန်ကန်စွာ နှလုံးသွင်းဆင်ခြင်ခြင်း ဖြစ်ပါသည်။

ဆောင်းပါးရှင်၏ အဆိုမဟုတ်ပါ၊ အတုမရှိအနှိုင်းမဲ့ သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓဘုရားသခင်၏ အဆုံးအမဖြစ်ပါသည်။

ဗုဒ္ဓအဆုံးအမများတွင် မိမိကြောင့် သူတစ်ပါးကိုယ်စိတ်နှစ်ပါး မထိခိုက်စေရပါ။

ကိုယ် ပြု ပြော ကြံသမျှ အမိနိုင်ငံနှင့် အနာဂတ်မျိုးဆက်အတွက် ကိုယ်စိတ်နှစ်ပါး မထိခိုက်စေသင့်ပါ။

တိုင်းပြည်နှင့်လူမျိုးအတွက်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက်၊ ဒီမိုကရေစီအတွက်၊ ပညာရေးပြုပြင်ပြောင်းလဲရေးအတွက်ဟု ပြော ပြု ကြံဆလှုပ်ရှားနေကြသူများအားလုံး ယောနိသောမနသိကာရ နှလုံးသွင်းဆင်ခြင်ခြင်းဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ခိုင်မြဲစေသင့်ပါကြောင်း သတိယှဉ်၍ ပြုကြ၊ ပြောကြ၊ ကြံစည်ကြ၊ လှုပ်ရှားလုပ်ဆောင်သင့်ကြပါကြောင်း ဉာဏ်မီသမျှ ရေးသားတင်ပြအပ်ပါသည်။

"အမိနိုင်ငံကို၊ အမိတိုင်းပြည်ကိုချစ်ခြင်းသည် အနာဂတ်မျိုးဆက်သစ်ကို ချစ်ခြင်းမည်ပါသည်။ အမိနိုင်ငံ အမိတိုင်းပြည်ကိုချစ်၍ ယနေ့ယခုပစ္စုပ္ပန်ကာလတွင် ပြု ပြော ကြံကြသူများအားလုံး ယောနိသောမနသိကာရဖြစ်ကြဖို့တော့ သတိပြုစေလိုပါသည်"

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံနှင့်ကိုက်ညီမည့်အခွန်စနစ်ကို ခိုင်ခိုင်မာမာထူထောင်ရန် လိုအပ်သဖြင့် ရေရှည်ဆောင်ရွက်နိုင်ရန် စဉ်းစားကြရမည်

**နေပြည်တော် မတ် ၁၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၅)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူသဘောအပါအဝင် ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ထိုသို့ ဆွေးနွေးရာတွင် **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီမှ ဦးမောင်တိုး**က ၂၀၁၅ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအရ ပြည်ပချေးငွေ၊ ဘတ်ဂျက်လိုငွေနှင့် ကြွေးမြီနှင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ရေးနှင့်ပတ်သက်၍ ဆွေးနွေးလိုကြောင်း၊ ယခုနှစ်ဘတ်ဂျက်တွင် ရငွေကို ငွေကျပ် ၁၇ ထရီလီယံဟု ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် လိုငွေရာခိုင်နှုန်းသည် ၅ ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ထိုသို့ လိုငွေဖြည့်ဆည်းနိုင်ရေးအတွက် ပြည်ပမှ ကျပ် ၁၃၇၈ ဘီလီယံနှင့် ပြည်တွင်းမှ ကျပ် ၃၈၂၇ ဘီလီယံ ချေးယူခဲ့ရပါကြောင်း၊ ထို့ကြောင့် နှစ်စဉ် ဘတ်ဂျက်ဥပဒေ၏ အရအသုံးငွေစာရင်းများ တင်ပြရာတွင် ပြည်ပချေးငွေကို ရငွေတွင် ထည့်သွင်းဖော်ပြခြင်းမပြုဘဲ လိုငွေဖြည့်ဆည်းခြင်းတွင် ပြည်ပချေးငွေဖြင့် ဖြည့်ဆည်းခြင်းအဖြစ် ဖော်ပြပေးရန် လိုအပ်ပါကြောင်း။

၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ထားသော IMF ၏ ကြွေးမြီဆန်းစစ်ချက်အရ အခွန်ကင်းလွတ်ခွင့်ပေးခြင်းများနှင့် ဘတ်ဂျက်ပြင်ပငွေချေးခြင်းများကို လျှော့ချရန် လိုအပ်သည်ဟုဖော်ပြထားပါကြောင်း၊ ထို့ပြင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေကို ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်းတိုးထားသည်ဟု သိရှိရပါကြောင်းဖြင့် ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဇော်မြင့်ဖေ**က မိမိတို့သည် နိုင်ငံတော်၏ စီးပွားရေးကို တည်ဆောက်ရာတွင် macro-economy ကို ညီမျှစေရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အခွန်ရရှိမှုနှင့် GDP အချိုးတိုးတက်စေရန်၊ အခွန်အခြေခံ ချဲ့ထွင်ရန်၊ အခွန်ကင်းလွတ်ရန်နှင့် အခွန်လျှော့ပေါ့ရန်တို့ကို ဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲသွားမည်ဟု သိရှိရပါကြောင်း၊ သို့သော် Tax GDP Ratio သည် တိုးတက်မှုနည်းပါးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီမည့် အခွန်စနစ်ကို ခိုင်ခိုင်မာမာ ထူထောင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့သည် ရေရှည်ဆောင်ရွက်နိုင်ရန် စဉ်းစားကြရမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး**က ရငွေနှင့် အသုံးစရိတ်များကို နှိုင်းယှဉ်လေ့လာကြည့်လျှင် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများတွင်ရရှိသည့် ဝင်ငွေသည် ကျပ်သန်းပေါင်း ၈၆၃၉၁၂၈ သန်းဖြစ်ပြီး သုံးငွေသည် ကျပ်သန်းပေါင်း ၁၂၀၇၈၆၈၉ သန်းဖြစ်သည့်အတွက် လိုငွေသည် ပမာဏကြီးမားနေပါကြောင်း၊ အစိုးရ၏ အသုံးစရိတ်များကိုလေ့လာကြည့်လျှင် ပြည်သူ့အသုံးစရိတ်၏ ၅၈ ရာခိုင်နှုန်းကို ဝန်ကြီးဌာနများ၏ ဦးစီးဌာနများအတွက် အသုံးပြုထားပြီး ၃၈ ရာခိုင်နှုန်းကို နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် အသုံးပြုထားသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် အသုံးစရိတ်ကို နှိုင်းယှဉ်ကြည့်လျှင် ရငွေသည် ငွေကျပ် ၇၅၇၃၇၁၉ သန်းဖြစ်ပြီး အသုံးစရိတ်သည် ငွေကျပ် ၇၉၀၇၆၈၄ သန်းဖြစ်သည့်အတွက် လိုငွေပမာဏ များပြားနေပါကြောင်း၊ ထို့ကြောင့် အရှုံးပေါ်နေသော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသည် တိုင်းပြည်စီးပွားရေး တိုးတက်မှုကို ဆုတ်ယုတ်စေပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြုပြင်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# တရားသူကြီးတစ်ဦး၏ ဆုံးဖြတ်ချက် ဥပဒေနှင့်ညီညွတ်မှုမရှိက ကျူးလွန်သည့်ကိစ္စအပေါ် မူတည်၍ အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း၏ **တရားသူကြီး၏ ဆုံးဖြတ်ချက်များသည် ဥပဒေနှင့် ညီညွတ်မှုမရှိပါက မည်သို့အရေးယူဆောင်ရွက်သည်နှင့် ဖြောင့်မတ်မှန်ကန်မှုမရှိသော တရားသူကြီး မည်မျှရှိကြောင်းနှင့် မည်သည့်မြို့နယ်များတွင် အရေးယူထားကြောင်း သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင်က တရားသူကြီးများသည် အမှုများကို စစ်ဆေးခြင်း၊ ဆုံးဖြတ်ခြင်း၊ ချမှတ်ခြင်းပြုလုပ်ရာတွင် ဥပဒေပါပြဋ္ဌာန်းချက်ကို အဓိပ္ပာယ်ကောက်ယူရာတွင် မှားယွင်းခြင်း၊ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိခြင်းတို့ကြောင့် ဆုံးဖြတ်ချက်များသည် ဥပဒေနှင့် မညီညွတ်ခြင်းမျိုးဖြစ်ပေါ်တတ်ပါကြောင်း၊ တရားသူကြီးတစ်ဦး၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့် ညီညွတ်မှုမရှိခြင်းအတွက် ကျူးလွန်ခဲ့သည့် ကိစ္စအတိမ်အနက်အပေါ် မူတည်၍ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ -၅၃တွင် ပြဋ္ဌာန်းထားသည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ (၉)မျိုးအနက် သင့်လျော်သည့်ပြစ်ဒဏ် ချမှတ်ခြင်းတို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။



**ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင် ဖြေကြားစဉ်။** (သတင်းစဉ်)

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအား လျှပ်စစ်စီမံကိန်းများတွင် ငလျင်နှင့်ဆက်နွယ်သော သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုနှင့် ပတ်သက်၍ လုံလောက်သောလေ့လာပြင်ဆင်မှုများ ပြုလုပ်ရန်၊ ပြည်သူများနှင့် ပညာရှင်များလက်ခံနိုင်အောင် ဆွေးနွေးညှိနှိုင်းချက်များ ပြုလုပ်ရန်အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက သံလွင်မြစ်ပေါ်မှ စီမံကိန်းများအတွက် ဘက်စုံလေ့လာရေးအစီအမံ ပြုလုပ်၍ တမံအဆင့်ဆင့်ကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများကို လေ့လာပြီးဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားမရရှိကြသေးသည့် ပြည်သူ ၆၇ ရာခိုင်နှုန်းခန့်အား ဆောလျင်စွာ ဓာတ်အားရရှိစေရေး၊ လူတစ်ဦးချင်းစီ၏ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ (၁၉၀) ခန့်သာသုံးစွဲနိုင်သေးသည့် အရှေ့တောင်အာရှနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်နေသည့် အခြေအနေမှ လွတ်မြောက်စေရေးနှင့် ဓာတ်အားခသက်သာပြီး ပြည်တွင်းမှလည်း ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်ကိုသာ အခြေခံထုတ်လုပ်မည့် ရေအားလျှပ်စစ် စီမံကိန်းများကို တင်ပြခဲ့သည့် အစီအမံများအတိုင်း အန္တရာယ်ကင်းရှင်းစေရေး အစီအမံများဖြင့် ဆောင်ရွက်မှုများကို ပြီးစီးသည့် အခြေအနေအလိုက်သင့်လျော်သည့် နည်းလမ်းများဖြင့် ပြည်သူများအား အသိပေးတင်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။



**ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းစဉ်။** (သတင်းစဉ်)

ထို့နောက် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက **နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွင် မြန်မာ့ထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်ကို မြန်မာနိုင်ငံသားများ၏ စီမံခန့်ခွဲမှုအောက်တွင်ထားရှိနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာ့လေကြောင်းလိုင်းများ ထိရောက်စွာယှဉ်ပြိုင်နိုင်ရေးနှင့် သက်သာစွာဖြင့်ဝန်ဆောင်မှုပေးနိုင်ရေးအတွက် အားပေးလျက်ရှိ



**ဒုတိယဝန်ကြီး ဦးဇင်ယော် ဖြေကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် မတ် ၁၂**

Myanmar Aviation Policy တစ်ရပ်ကို ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မူကြမ်းရေးဆွဲပြီးသည့် အဆင့်ကိုရောက်ရှိလျက်ရှိပြီး မကြာမီကာလအတွင်း လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်ရှိ သက်ဆိုင်သူအားလုံး(Stakeholder)ထံမှ ရှင်းလင်းတင်ပြကာ အကြံဉာဏ်များ ရယူသွားရန်ရှိကြောင်း သိရသည်။

မြန်မာ့လေကြောင်းလိုင်းများအနေဖြင့် အခြားနိုင်ငံများမှ လေကြောင်းလိုင်းများကို ထိရောက်စွာ ယှဉ်ပြိုင်နိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုစရိတ်သက်သာစွာဖြင့် ပျံသန်း ဝန်ဆောင်မှုပေးနိုင်ရေးတို့အတွက် မိမိတို့အချင်းချင်းဖြစ်စေ၊ ခိုင်မာအောင်မြင်မှု ရှိပြီးဖြစ်သော နိုင်ငံခြားလေကြောင်းလိုင်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ကြရန် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့က တိုက်တွန်းအားပေးလျက်ရှိပါကြောင်းဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင်၏မေးမြန်းချက်အား ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။



**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် မေးမြန်းစဉ်။** (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်က ASEAN Open Sky Policy ဖြစ်လာသည့်အခါတွင် အခြားနိုင်ငံများမှ လေကြောင်းလိုင်းများကို ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများ အနေဖြင့် ပူးပေါင်း(Merger) လုပ်ကြစေရန်၊ တိုက်တွန်းသွားရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပူးပေါင်းဆောင်ရွက်မှုများကို အခွင့်အလမ်းဖွင့်လှစ်ပေးသည့်အနေဖြင့် အခြားနိုင်ငံများနှင့် လေကြောင်းသဘောတူစာချုပ်များ ချုပ်ဆိုရာတွင် လေကြောင်းလိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထည့်သွင်းချုပ်ဆိုလျက်ရှိပါကြောင်း၊ ပျံသန်းမှုအစီအစဉ်များ ပူးပေါင်းနိုင်ရန်သာမက လုပ်ငန်းဖွဲ့စည်းတည်ထောင်မှုကိုပါ ပူးပေါင်းဆောင်ရွက်နိုင်ရန် လေကြောင်းလိုင်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၄၉ ရာခိုင်နှုန်းဖြင့် ဖက်စပ်လုပ်ငန်း တည်ထောင်ခွင့်ကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ထိုသို့ ရင်းနှီးမြှုပ်နှံသည့်နေရာတွင် လေကြောင်းလိုင်းလုပ်ငန်း၏ သဘောသဘာဝအရ အများစုပိုင်ဆိုင်မှုသည် နိုင်ငံတော်နှင့် နိုင်ငံသားများ လက်ဝယ်တွင်ရှိပါက ပိုမိုလျော်ကန်သင့်မြတ်သည့်အလျောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

*စာမျက်နှာ ၈ ကော်လံ ၅ သို့*

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် မတ် ၁၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မလေးရှားနိုင်ငံဘုရင် ဆူလတန်အဗ္ဗဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားနှင့် မိဖုရား ရာဂျာ ပါမိုင်ဆူရီ အက်ဂွန်တွန်ကူ ဟာဂျာ ဟာမီနာတို့၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်မှ ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် သံရုံးတာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးဇေယျာအောင်၊ ဦးအေးမြင့်၊ ဦးငွေအောင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်နေမှုဆွေးနွေး



**နေပြည်တော် မတ် ၁၂**

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စုဥက္ကဋ္ဌနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်အုပ်ချုပ်သူ မစ္စ ဟယ်လင်ကလပ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး မစ္စ အီသရင်း ကောစင်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာဖြစ်ပေါ်တိုးတက်နေမှုနှင့် ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပေါ်နေသော လူမှုအဖွဲ့အစည်းနှစ်ရပ်အတွင်း အခက်အခဲပြဿနာများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးခင်ရီနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုသင်ကြားရေးဌာန ဖွင့်လှစ်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၂**

မြန်မာ့လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုသင်ကြားရေးဌာန ဖွင့်လှစ်ပွဲကို လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိခန်းမဆောင်အပေါ်ထပ်၌ ယနေ့ညနေ ၃ နာရီခွဲတွင် ကျင်းပသည်။

ရှေ့ဦးစွာပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့လွှတ်တော်၏ စွမ်းဆောင်မှုများ ပိုမိုကောင်းမွန် ထိရောက်လာစေပြီး လွှတ်တော်အပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှု ရရှိလာစေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏အရည်အသွေးကို မြှင့်တင်ပေးမည့် ကမ္ဘာ့အဆင့်မီ လွှတ်တော်သင်ကြားရေးဌာနတစ်ခုကို တည်ထောင်ခြင်းဖြစ်ကြောင်းနှင့် မြန်မာ့လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြု သင်ကြားရေးဌာနဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးသည့် UNDP၊ JCC အဖွဲ့ဝင်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် UNDP မှ Administrator Ms. Helen Clark က သင်ကြားရေးဌာနနှင့် စပ်လျဉ်း၍ UNDP နှင့် မြန်မာ့လွှတ်တော်တို့ ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ဆက်လက်ကူညီပံ့ပိုးလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြု သင်ကြားရေးဌာနကို ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး ပူးပေါင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ Ms. Helen Clark တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သင်ကြားရေးဌာနကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး ပူးပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ၊ လွှတ်တော်ရုံးဝန်ထမ်းများ၊ ပြည်ပအလှူရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

ကို ၄၉ ရာခိုင်နှုန်းအထိသာ ခွင့်ပြုထားခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်က တစ်ဆက်တည်းမေးမြန်းသည့် လေကြောင်းလိုင်းတစ်ခုနှင့်တစ်ခု အပြိုင်အဆိုင် လစာနှင့်စရိတ်များတိုးမြှင့်ပေးပြီး ခေါ်ယူခြင်းမပြုစေရန် သက်ဆိုင်ရာမှ တိုက်တွန်းဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းအပေါ်တွင် ဒုတိယဝန်ကြီးက နိုင်ငံအများစုနှင့် လုပ်ငန်းအဖွဲ့အစည်းအများစုတွင် ကြုံတွေ့ရလျက်ရှိပြီး တရားဝင်ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများဖြင့် ထိန်းချုပ်ကိုင်တွယ်ရန် ခက်ခဲသော ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ လေကြောင်းအာဏာပိုင်များအနေဖြင့် လေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများကို နိုင်ငံတော်က ချမှတ်ကျင့်သုံးလျက်ရှိသော စီးပွားရေးဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ချုပ်က အတည်ပြုထားသော ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းတည်ထောင်လည်ပတ်ရေးကိုသာ ကြီးကြပ်ခြင်းပြုနိုင်ပါကြောင်း။

ကျွမ်းကျင်ဝန်ထမ်းများအား အပြိုင်အဆိုင်ခေါ်ယူသည့် ကိစ္စရပ်များသည် လုပ်ငန်းအဖွဲ့အစည်းအချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအကြားအပြန်အလှန် စောင့်စည်းအပ်သည့် ကျင့်ဝတ်များနှင့်သာ အဓိကသက်ဆိုင်ပြီး သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲခွင့်အတွင်း ကျရောက်သော ကိစ္စရပ်များဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၆) ရက်မြောက်နေ့တွင် မေးခွန်းမေးမြန်းခြင်းနှင့် ဥပဒေကြမ်းများ အတည်ပြုခြင်းအပြင် အမျိုးသား ပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီ ပညာရေးစစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ဆွေးနွေးပွဲခန်းမတွင် ကြားနာခဲ့သည့် အစီအစဉ်ဗီဒီယိုကို ထုတ်လွှင့်ပြသခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# လားရှိုးမြို့၌ မိုးပွင့်(အထူး) စီမံချက် ဆိုင်းဘုတ်ဖွင့်

**လားရှိုး မတ် ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၊ မန္တလေး-မူဆယ်ပြည်ထောင်စုလမ်း ရန်တိုင်းအောင်ဘုရားအနီး၌ မိုးပွင့် (အထူး) စီမံချက်လှုံ့ဆော်ရေး ပိုစတာဆိုင်းဘုတ်စိုက်ထူပွဲကို မတ် ၁၂ရက် နံနက်ကကျင်းပသည်။ မိုးပွင့်(အထူး) စီမံချက် လှုံ့ဆော်ရေးပိုစတာဆိုင်းဘုတ်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား ဒုတိယ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိန်အုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ ရှမ်းပြည်နယ်( မြောက်ပိုင်း)အတွင်း အလားတူ သိန္နီ၊ကွတ်ခိုင်၊မူဆယ်၊သီပေါ၊ကျောက်မဲ၊ နောင်ချိုမိုင်းရယ်နှင့် တန့်ယန်းမြို့ များတွင်လည်း မိုပွင့်(အထူး) စီမံချက်လှုံ့ဆော်ရေးဆိုင်းဘုတ်များကို မတ်လပထမပတ်အတွင်းစိုက်ထူပြီးစီးခဲ့ပြီဖြစ်သည်။ **ဇော်လွင်(လားရှိုး)**

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံဘုရင်တို့ တွေ့ဆုံ

**ကွာလာလမ်ပူ မတ် ၁၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ယနေ့ ဒေသစံတော်ချိန် ည ၈ နာရီတွင် ကွာလာလမ်ပူမြို့ရှိ ဘုရင့်နန်းတော်သို့ ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် မလေးရှားနိုင်ငံ ဘုရင်နှင့် မိဖုရားတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် မလေးရှားနိုင်ငံ ဘုရင်တို့ တွေ့ဆုံဆွေးနွေးကြသည်။

ဆက်လက်၍ မလေးရှားနိုင်ငံ ဘုရင်နှင့် မိဖုရားတို့က နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား Banquet Hall ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တွေ့ဆုံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတို့သို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံဘုရင်နှင့် မိဖုရားတို့နှင့်အတူ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

**ကွာလာလမ်ပူ မတ် ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်နှင့်ဇနီး၊ စစ်သံမှူးနှင့် ဇနီး၊ သံရုံးမိသားစုများက ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Grand Hyatt ဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများဆွေးနွေး

**နေပြည်တော် မတ် ၁၂**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စုဥက္ကဋ္ဌနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် အုပ်ချုပ်သူ မစ္စဟယ်လင်ကလပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအုပ်စုဥက္ကဋ္ဌနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အုပ်ချုပ်သူ မစ္စဟယ်လင်ကလပ်နှင့်အတူ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စရီနာတာ ဒက်ဆာလီယန်၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာတိုွင်လီ ကူဘာနော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင် (၈) ရပ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် (၁၇) ရပ်အတွက် ဆွေးနွေး ဆောင်ရွက်နေမှုများ၊ နေပြည်တော်၌ တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် ကျင်းပပြီးစီးမှု၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်က မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ရခိုင်ပြည်နယ်၌ ကုလသမဂ္ဂ အကူအညီဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စုဥက္ကဋ္ဌနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အုပ်ချုပ်သူ မစ္စဟယ်လင်ကလပ်က ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများမှ လွတ်မြောက်ရေးဆောင်ရွက်နေမှုအတွက် လိုအပ်သည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင် (၈) ရပ်သည် မကြာမီတွင် ပြီးစီးမည်ဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် (၁၇) ရပ်ကိုလည်း နိုင်ငံများနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ တတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အား အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အတွက်လည်း ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံအတွင်း UNDP နိုင်ငံဆိုင်ရာ အစီအစဉ်လုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ လွတ်မြောက်ရေး လုပ်ငန်းစဉ်များအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# အသင်းသားများ လယ်ယာသုံးကိရိယာများ ပိုင်ဆိုင်ရန် ဝန်ဆောင်မှုပေး

**နေပြည်တော် မတ် ၁၂**

သမဝါယမ ဝန်ကြီးဌာနသည် အတိုးနှုန်းသက်သာစွာ ချေးငွေများ ထုတ်ပေး၍ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အရစ်ကျစနစ်ဖြင့်ရောင်းချမှုများတွင် အသင်းသားများအားလုံးက သတ်မှတ်ကာလအတွင်း ချေးငွေများကို ပျက်ကွက်မှုမရှိပေးသွင်းကြောင်း ပြည်သူများအနေဖြင့် အပြင်ကနေ အတိုးကြီးပေးပြီး ချေးယူရသည့် အခက်အခဲမှ သက်သာအောင် ဆောင်ရွက်ပေးရန် နှောင်လေးငါးနှစ်ကြာသည့်အခါ အပြင်မှ ငွေချေးစရာ မလိုတော့ဘဲ မိမိ၏ ကိုယ်ပိုင်ငွေဖြင့် ကိုယ်ပိုင်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့ဖြစ်ပါကြောင်း စသည်ဖြင့် မတ် ၁၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည့် သမဝါယမဝန်ကြီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲတွင် ပြည်ထောင်စု ဝန်ကြီးဦးကျော်ဆန်းက ထည့်သွင်း ပြောကြားခဲ့သည်။ **(ဓာတ်ပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့အထိ မိမိတို့ချေးထားသည့် ချေးငွေမှာ ၂၁၈ ဒသမ ၆၀၉ ဘီလီယံကျော်ရှိကြောင်း၊ အဆိုပါ ချေးငွေကို သမဝါယမက အတိုးနှုန်း ၁ ကျပ် ၅၀ ပြားနှုန်းနှင့် ၂ ကျပ် ၅၀ ပြားနှုန်းတို့ဖြင့်သာချေးပေးသောကြောင့် ပြည်သူများအတွက် တစ်လတွင် အတိုး ၄ ဒသမ ၀၈၂ ဘီလီယံကျော်သာပေးရကြောင်း၊ထည့်သွင်းပြော ကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်း ၁၅ ခုမှ သမဝါယမဦးစီးဌာန အသီးသီးမှ နယ်မြေဒေသအလိုက် ဆောင်ရွက်နေသည့် ချေးငွေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ China EXIM Bank (တရုတ်ချေးငွေ) ချေးငွေရယူခံစားရခြင်းမရှိသေးသည့် မွေးမြူရေးသမဝါယမ အသင်းဟောင်း၊ အသင်းသစ်များမှ အသင်းသားများ၏ မွေးမြူရေးစရိတ်ချေးငွေလိုအပ်ချက်မှာ ငွေကျပ်သန်း ၁၆၈၀၂ ဒသမ ၃၈၄၊ ထုတ်ချေးငွေမှာ ငွေကျပ်သန်း ၁၈၃၂၇ ဒသမ ၆၇၀ ရှိကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးပေးမည့် ချေးငွေလိုအပ်ချက်မှာ ငွေကျပ်သန်း ၆၅၂၈၁ ဒသမ ၆၆၄၃၅၊ ထုတ်ချေးငွေမှာ ၇၂၃၁၇ ဒသမ ၄၄၀၈၅ ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စိုက်ပျိုးစရိတ်အသစ်၊မွေးမြူရေးစရိတ်အသစ်၊ Hire Purchase နှင့် ငွေကျပ်တစ်သိန်းမှ ငါးသိန်း၏ ချေးငွေလိုအပ်ချက်မှာ စုစုပေါင်း ငွေကျပ်သန်း ၁၉၀၀၈၈ ဒသမ ၁၉၂၉၅ရှိကြောင်း သိရသည်။

စက်ပစ္စည်းများကို အရစ်ကျငွေချေးစနစ်ဖြင့် ရောင်းချပေးခြင်းဖြင့် ယခင်က မဝယ်နိုင်သူက ဝယ်နိုင်သည်။ အရင်ငှားလုပ်တဲ့ လုပ်ငန်းကနေ ကိုယ်ပိုင်လုပ်ကိုင်လာနိုင်သည်။ အဆိုပါ စက်ပစ္စည်းများမှာ ကိုရီးယားကုမ္ပဏီ Daedong လယ်ယာသုံးစက်ကိရိယာများဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖြန့်ဖြူးရောင်းချပေးပြီး ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး**
**ဓာတ်ပုံ-မေမိုးသဲ**

# လျှပ်စစ်ဓာတ်အားသုံးစွဲသူနှင့် စည်းကမ်းလိုက်နာမှု

**ဝေယံ**

လူ့အဖွဲ့အစည်း ရပ်တည်နိုင်မှု၊ လူတစ်ဦး၏ ဘဝတစ်လျှောက် ရပ်တည်နိုင်မှုများသည် စည်းကမ်းသတ်မှတ်ချက်များအတွင်း လိုက်နာဆောင်ရွက်ကြမှသာ ဘေးရန်ကင်းကွာစွာဖြင့် ရပ်တည်နိုင်ကြမည်ဖြစ်ပါသည်။ စည်းကမ်းသတ်မှတ်ချက်များတွင် နိုင်ငံသားတစ်ယောက် လိုက်နာရန်၊ ရပ်ကွက်အတွင်း နေထိုင်သူများ လိုက်နာရန်၊ မိသားစုအတွင်း လိုက်နာရန်၊

**မီတာအတွင်းရှိ ပစ္စည်းများအား ပြုပြင်ထားပုံ**



**Counter ပင်နယ်သွားအချို့အား ကျောက်စက်ဖြင့် စားထားပုံ**

**ကြီးမားလှသော Current Coil ကြိုးဖြင့် လဲလှယ်ထားပုံ**

ယာဉ်မောင်းသူများ လိုက်နာရန်၊ ကျောင်းသား ကျောင်းသူများ လိုက်နာရန်၊ ဝန်ထမ်းများ လိုက်နာရန် စသည်ဖြင့် သတ်မှတ်ထုတ်ပြန်ထားကြပါသည်။ စည်းကမ်းချက်များသတ်မှတ်ခြင်းသည် လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းသိမ်းမှုလိုအပ်ချက်နှင့် သက်ဆိုင်သူများ အန္တရာယ်ကင်းစေရန်အချက်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့် ဆိုင်ကယ်စီးလျှင် ဦးထုပ်မဆောင်းပါက ဒဏ်ငွေရိုက်မည်ဆိုသော စည်းကမ်းချက်သည် ဆိုင်ကယ်စီးသူများ အန္တရာယ်ကင်းရှင်းစေရန်အတွက်ဖြစ်ပါသည်။ သစ်ပင်မခုတ်ရ၊ ယာဉ်များ တံတားပေါ်တွင် သတ်မှတ်ဝန်အားထက် ပိုတင်၍ မဖြတ်ရ စသည့် စည်းကမ်းချက်များသည် အများပြည်သူအကျိုးနှင့် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရန်အတွက် ထုတ်ပြန်ထားသော တားမြစ်ချက်များပင် ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားသုံးစွဲသူများအတွက်လည်း လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် စနစ်တကျရှိစေရေးနှင့် နိုင်ငံတော်ပစ္စည်း ဘဏ္ဍာငွေကာကွယ်စောင့်ရှောက်ရန်အတွက် စည်းကမ်းချက်များ ထုတ်ပြန်ထားပြီး မလိုက်နာပါက နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အရေးယူဆောင်ရွက်ခြင်း ခံကြရပါသည်။ ဓာတ်အားသုံးစွဲသူများအနေဖြင့်-

(က) လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှု မပြုရပါ။

**❝ လက်ရှိတပ်ဆင်ခွင့်ပြုလျက်ရှိသော ရိုးရိုးအိမ်သုံး မီတာတစ်လုံးသည် 30 Ampere သာ ခံနိုင်ဝန်အားရှိသည့်အတွက် စက်မှုလုပ်ငန်း ဆောင်ရွက်လိုပါက စက်မှုသုံး ပါဝါမီတာတပ်ဆင်ရပါမည်။ စက်မှုသုံးဝန်အား များများသုံးစွဲလိုပါက ပါဝါမီတာနှင့် မလုံလောက်တော့ဘဲ ကိုယ်ပိုင်ထရန်စဖော်မာ လျှောက်ထား၍ စီတီမီတာ တပ်ဆင်အသုံးပြုရပါမည်။ ❞**

(ခ) မိမိအိမ်နှင့် စက်ရုံများတွင် တပ်ဆင်ထားသော မီတာများကို မိမိသဘောအလျောက်နေရာရွှေ့ပြောင်းတပ်ဆင်ခြင်း မပြုရပါ။

(ဂ) မီတာများတွင် ဓာတ်အားသုံးစွဲရန် လုံခြုံမှုအရ မီတာတွင် တပ်ဆင်ခပ်နှိပ်ထားသော လုံခြုံရေး ဆီးလ်(Cover Seal)၊ မီတာကြိုး အဝင် အထွက်တွင် တပ်ဆင်ခပ်နှိပ်ထားသော လုံခြုံရေး ဆီးလ် (Terminal Seal)များကို ဖြတ်ခြင်း၊ ဖြုတ်ခြင်း၊ ပြုပြင်ခြင်းများ မပြုလုပ်ရပါ။

(ဃ) မီတာများကိုပြုပြင်၍ဓာတ်အားခိုးယူသုံးစွဲခြင်းများမပြုလုပ်ရပါ။

(င) စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်ဆင်ထားသော မီတာဝန်အားထက်ကျော်လွန်သုံးစွဲခြင်း မပြုရပါ။

(စ) မိမိအိမ်၊ စက်ရုံအတွက် ခွင့်ပြုထားသော ဓာတ်အားလိုင်းမှ တစ်ဆင့် ထပ်ဆင့်ဓာတ်အားဖြန့်ဖြူးခြင်း (ဆင့်ပွားဓာတ်အား ဆက်သွယ်ခြင်း) မပြုလုပ်ရပါ။

(ဆ) စက်မှုသုံး မီတာများတွင် ခွင့်ပြုဝန်အားထက် ကျော်လွန်သုံးစွဲခြင်း မပြုရပါ။

လက်ရှိ တပ်ဆင်ခွင့်ပြုလျက်ရှိသော ရိုးရိုးအိမ်သုံးမီတာတစ်လုံးသည် 30 Ampere သာ ခံနိုင်ဝန်အားရှိသည့်အတွက် စက်မှုလုပ်ငန်း ဆောင်ရွက်လိုပါက စက်မှုသုံး ပါဝါမီတာတပ်ဆင်ရပါမည်။ စက်မှုသုံးဝန်အား များများသုံးစွဲလိုပါက ပါဝါမီတာနှင့် မလုံလောက်တော့ဘဲ ကိုယ်ပိုင်ထရန်စဖော်မာ လျှောက်ထား၍ စီတီမီတာ တပ်ဆင်အသုံးပြုရပါမည်။

အိမ်သုံးမီတာနှင့် စက်မှုလုပ်ငန်း ဆောင်ရွက်ပါက မီတာသတ်မှတ်ဝန်အားထက်ပိုသော လျှပ်စီးကြောင်း စီးဆင်းသဖြင့် မီတာလောင်ကျွမ်းမှု ဖြစ်စေပါသည်။ ဓာတ်အားသုံးစွဲသူများ လုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်းတိုးချဲ့သုံးစွဲနိုင်ရန်အတွက် မီတာနှင့် ထရန်စဖော်မာအင်အား တိုးမြှင့်အသုံးပြုလိုပါက လျှပ်စစ်ရုံးများတွင် လျှောက်ထားနိုင်ပါသည်။ မီတာများလောင်ကျွမ်းခြင်း၊ မူလလျှောက်ထားစဉ်က ဝန်အားထက် ပိုမိုသုံးစွဲထားမှုများ စစ်ဆေးတွေ့ရှိရပါက လျော်ကြေးငွေ တောင်းခံပြီး သုံးစွဲဝန်အားနှင့် ညီမျှသော မီတာနှင့် ထရန်စဖော်မာကို တပ်ဆင်သုံးစွဲခွင့်ပြုပါသည်။

တရားမဝင်သော နည်းလမ်းများဖြင့် ဓာတ်အားသုံးစွဲသူများကြောင့် ဗို့အားကျဆင်းမှုများ၊ ထရန်စဖော်မာများမှာ ဝန်အားမနိုင်တော့သဖြင့် လောင်ကျွမ်းပျက်စီးမှုများ၊ ဓာတ်လိုက်မှုအန္တရာယ်များ၊ မီးဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိပါသည်။ ဓာတ်အားပျောက်ဆုံးမှုများပြားခြင်းကြောင့်လည်း နိုင်ငံတော်၏

**မီတာယူနစ်အတက်နည်းစေရန်အတွက် ပြုပြင်ထားပုံ**




(၁) **ကြီးမားလှသော Current Coil ကြိုးဖြင့်လဲလှယ်ထားပြီး အပတ်ရေတိုးထားခြင်း၊**
(၂) **Current Coil By Pass ပြုလုပ်ထားပုံ**

**မီတာများအား စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးနေပုံ**



လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေလျော့နည်းမှုများ ဖြစ်ပေါ်စေသည့်အပြင် နည်းပညာပိုင်းဆိုင်ရာအနေဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုကြောင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ ချို့ယွင်းမှုဖြစ်ပေါ်နိုင်ခြင်းကြောင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသည့်စနစ်အပေါ် အနှောင့်အယှက်ဖြစ်ပေါ်စေပါသည်။

တရားမဝင်သော နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများ မရှိစေရန်အတွက် လျှပ်စစ်ဝန်ထမ်းများဖြင့် စီမံချက်ချမှတ်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ တွေ့ရှိရပါက လျှပ်စစ်ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဓာတ်အားဖြတ်တောက်ခြင်း၊ သုံးစွဲဝန်အားအလိုက် လျော်ကြေးတောင်းခံခြင်း၊ ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ ကျူးလွန်မှုအပေါ် မူတည်၍ ရဲစခန်းတွင် အမှုဖွင့်ခြင်း စသည့် အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်ရပါသည်။

နိုင်ငံတကာတွင်လည်း တရားမဝင် ဓာတ်အားသုံးစွဲမှုများနှင့် ပတ်သက်၍ လျှပ်စစ်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး အရေးယူမှုများ ရှိပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးဆောင်ရွက်ခဲ့ရာတွင် နှစ်အလိုက် စစ်ဆေးတွေ့ရှိမှုနှင့် လျော်ကြေး၊ ဒဏ်ကြေး၊ နစ်နာကြေး တောင်းခံရရှိမှု အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တရားမဝင် ဓာတ်အားသုံးစွဲသူ ၅၁၈၂ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး မြန်မာကျပ်ငွေ ၁၄၇၇ ဒသမ ၅၆ သန်းနှင့် US $ ၁၇၄၆၅၈ ဒသမ ၂၉ ရရှိခဲ့ပါသည်။
- ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တရားမဝင်ဓာတ်အားသုံးစွဲသူ ၄၁၄၇ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး မြန်မာကျပ်ငွေ ၈၇၁ ဒသမ ၆၉၂ သန်းနှင့် US $ ၅၃၅၄ ဒသမ ၄၃ ရရှိခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တရားမဝင် ဓာတ်အားသုံးစွဲသူ ၃၇၉၇ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး မြန်မာကျပ်ငွေ ၁၅၃၈ ဒသမ ၉၈၉ သန်းနှင့် US $ ၂၅၃၇ ဒသမ ၈၄ ရရှိခဲ့ပါသည်။
- ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တရားမဝင် ဓာတ်အားသုံးစွဲသူ ၁၉၄၉ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး မြန်မာကျပ်ငွေ ၆၆၂ ဒသမ ၈၁၇ သန်းနှင့် US $ ၂၅၇၄၈ ဒသမ ၉၃ ရရှိခဲ့ပါသည်။
- ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလကုန်အထိ တရားမဝင် ဓာတ်အားသုံးစွဲသူ ၁၅၇၁ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး မြန်မာကျပ်ငွေ ၅၄၁ ဒသမ ၆၂၇ သန်း ရရှိခဲ့ပါသည်။

တရားမဝင် ဓာတ်အားသုံးစွဲမှုများ စစ်ဆေးဖော်ထုတ်ခဲ့ရာတွင် တာဝန်သိပြည်သူများ၏ သတင်းပေးပူးပေါင်းပါဝင်ဆောင်ရွက်မှုများလည်း ပါဝင်ပါသည်။ ဓာတ်အားသုံးစွဲသူများအနေဖြင့် ဓာတ်အားသုံးစွဲရာတွင် လိုက်နာရမည့်အချက်များကို သိရှိလိုက်နာခြင်းဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ်ကိုပါ အထောက်အကူပြုရာရောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်တွင်းသတင်း

# တက္ကသိုလ်များပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန တက္ကသိုလ်များပေါင်းစပ်ညှိနှိုင်းရေး ဒုတိယနေ့အစည်းအဝေးကို မတ် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ဆက်လက်ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးတို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက Autonomous University အဖြစ် အသွင်ကူးပြောင်းသည့်အခါ၌ ကျောင်းအလိုက် စီမံခန့်ခွဲမှု တာဝန်များကို ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများသည် တာဝန်သိသိ တာဝန်ယူဆောင်ရွက်သွားကြမည်ဆိုပါက ယနေ့တွေ့ကြုံနေရသော ပညာရေးနယ်ပယ်စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ အမျိုးသားပညာရည်မြင့်မားတိုးတက်အောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်၍ ကျရာကဏ္ဍတွင် ဝိုင်းဝန်းကြိုးပမ်းကြစေလိုပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ တိုးတက်လာစေရေးအတွက် Mindset များကိုလည်း ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ Mindset ပြောင်းလဲမည်ဆိုပါက Vision လည်းပြောင်းသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် အရည်အသွေးအာမခံမှုစနစ်ကို အာဆီယံအရည်အသွေးမူဘောင်နှင့် လိုက်လျောညီထွေစွာ အမျိုးသားအဆင့် အရည်အသွေးမူဘောင်ကို ပီပြင်စွာထူထောင်၍ လက်တွေ့အသုံးပြုနိုင်ရေး အစရှိသည်တို့ကိုလည်း ကြိုတင်ညှိနှိုင်းပြင်ဆင်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အသွင်ကူးပြောင်းရေးကာလတွင် နည်းပညာတက္ကသိုလ်များ ညှိနှိုင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကွန်ပျူတာနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ တက္ကသိုလ်များ ညှိနှိုင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအား အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ပညာရေးဆိုင်ရာ မူဝါဒများနှင့် ကိုက်ညီမှုရှိစေရန်အတွက် အမျိုးသားပညာရေးဥပဒေကို သေချာစွာလေ့လာ၍ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တည်ဆဲအမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်လေ့လာပြီး ဝိုင်းဝန်းပူးပေါင်းအကြံပြုကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဘရှွေနှင့် ဒေါက်တာအောင်ကျော်မြတ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်း၊ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယနေ့တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာဖြေဆိုသူ ၅၉၇၀၆၉ ဦးရှိ

**နေပြည်တော် မတ် ၁၂**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက ယနေ့နံနက် ၉ နာရီတွင် အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် ကချင်ပြည်နယ်တွင် ၂၅၇၇၃ ဦး၊ ကယားပြည်နယ်တွင် ၄၂၇၈ ဦး၊ ကရင်ပြည်နယ်တွင် ၁၂၀၃၀၊ ချင်းပြည်နယ်တွင် ၉၆၀၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇၆၆၀၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁၂၉၄၂ ဦး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တွင် ၂၉၉၇၁ ဦး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ၁၈၆၇၃ ဦးတို့ ဖြစ်သည်။

အလားတူမကွေးတိုင်းဒေသကြီးတွင် ၅၆၈၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၈၇၀၅၇ ဦး၊ မွန်ပြည်နယ်တွင် ၁၈၁၆၂ ဦး၊ ရခိုင်ပြည်နယ်တွင် ၂၉၃၈၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၉၈၈၅၃ ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၀၉၃၉ ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၁၄၁၀၃ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၃၆၄၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၆၁၈၉၃ ဦးနှင့် နေပြည်တော်တွင် ၁၆၃၃၈ ဦးရှိကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ယနေ့ဖြေဆိုသူကျောင်းသားကျောင်းသူပေါင်း ၅၉၇၀၆၉ ဦးရှိပြီး ယမန်နေ့ကထက် ဖြေဆိုသူ ၇၀၁ ဦးလျော့နည်းကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို

**မန္တလေး မတ် ၁၂**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ မှ စတင်ဖြေဆိုခဲ့ကြရာ အမှတ်(၂)အခြေခံပညာဦးစီးဌာနနယ်မြေ၌ စာစစ်ဌာနပေါင်း ၆၅၆ ခုရှိပြီး ထိုစာစစ်ဌာနများ၌ စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို စာရင်းရှိ ၃၃၂၀၄၃ ဦး ရှိသည့်အနက် စာဖြေသူ စုစုပေါင်း ၃၁၅၁၅၆ ဦး အေးချမ်းစွာ ဖြေဆိုကြသည်။ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများတွင် တစ်ပြိုင်တည်းစာမေးပွဲများဖြေဆိုလျက်ရှိရာ ယနေ့မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အထက(၂)စာစစ်ဌာနမှ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ထွက်ခွာလာကြသည်ကို တွေ့ရသည်။ **(ပညာရေး)**



# ရှင်ဗွေယန်၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

**ရှင်ဗွေယန် မတ် ၁၂**

နိုင်ငံတစ်ဝန်း၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ တစ်ပြိုင်တည်းကျင်းပလျက်ရှိရာ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနတွင် ကျောင်းသား ကျောင်းသူ ၉၂ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

အဆိုပါ စာဖြေဌာနသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနိုင်ရေးအတွက် မြို့အုပ်ချုပ်ရေးမှူး ဦးညီညီထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဆရာ ဆရာမများက ကြီးကြပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ မုဒုံစာစစ်ဌာန၌ ဆက်လက်ဖြေဆို

**မုဒုံ မတ် ၁၂**

တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ မွန်ပြည်နယ် မုဒုံမြို့နယ် စာစစ်ဌာနလေးခု၌ ဖြေဆိုရန် စာရင်းပေးသွင်းထားသူများအနက် ကျောင်းသား ကျောင်းသူ ၁၈၅၈ ဦး အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြပြီး ၄၇ ဦးဖြေဆိုရန် ပျက်ကွက်သည်။

ပျက်ကွက်သူများတွင် အထက(၁) စာစစ်ဌာန၌ ခုနစ်ဦး၊ အထက(၂) စာစစ်ဌာန၌ ၂၅ ဦး၊ အထက(၃) စာစစ်ဌာန၌ ၁၂ ဦး၊ ကမာဝက်အထက စာစစ်ဌာန၌ သုံးဦး စုစုပေါင်း ၄၇ ဦး ဖြေဆိုရန် ပျက်ကွက်ကြသည်။

မုဒုံစာစစ်ဌာနများ၌ ယခင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ၁၅၂၈ ဦးသာ ဖြေဆိုခဲ့ကြပြီး ယခုနှစ်တွင် ဖြေဆိုသူ ၃၃၀ ပိုမိုလာကာ စုစုပေါင်း ၁၈၅၈ ဦး အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်းသိရသည်။

**ကိုချစ်(မုဒုံ)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# ထိန်းသိမ်းခဲ့သည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာမိဘများထံသို့ ပြန်လည်အပ်နှံ

**နေပြည်တော် မတ် ၁၂**

မတ် ၁၀ ရက်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြသည့်အဖွဲ့၏ ဥပဒေမဲ့ လုပ်ဆောင်မှုကြောင့် ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့သည့် သူများထဲမှ တက္ကသိုလ်၊ ကောလိပ်များ၌ အမှန်တကယ်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် လည်းကောင်း၊ မိဘများအပေါ် စာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ ကျူးလွန်သည့်ပြစ်မှုများအပေါ် သက်ညှာသောအားဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ မိဘအုပ်ထိန်းသူများအား ခေါ်ယူ၍ စနစ်တကျ ပြန်လည်အပ်နှံပေးလျက်ရှိသည်။

ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့အား သက်ဆိုင်ရာက ဆုံးမစကားပြောကြားပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ပြန်လည်အပ်နှံမှုများကိုလည်း ဆက်လက်၍ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအသီးသီးမှ မိဘများထံပြန်လည်အပ်နှံပြီးသည့် ကျောင်းသား/ကျောင်းသူများစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အပ်နှံပြီး | | |
|---|---|---|---|---|
| | | ကျား | မ | ပေါင်း |
| ၁ | စစ်ကိုင်း | ၂ | - | ၂ |
| ၂ | ပဲခူး | ၁ | - | ၁ |
| ၃ | မန္တလေး | ၄ | ၁ | ၅ |
| ၄ | မွန် | ၁ | - | ၁ |
| ၅ | ရန်ကုန် | ၄ | ၄ | ၈ |
| | စုစုပေါင်း | ၁၂ | ၅ | ၁၇ |

**(သတင်းစဉ်)**



ဆောင်းပါး

# အချိုကြိုက်သူ အအေးကြိုက်သူ ရောဂါထူ

**ကြည်လွင်မြင့်(မုံရွာ)**

လူ့သက်တမ်းကို တိုစေသော ရောဂါကြီးများတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါသည် ထိပ်ဆုံးမှပါဝင်သည်။ ထိုရောဂါကြီးများသည် နာတာရှည်ရောဂါများဖြစ်သဖြင့် ကုသ၍ရသော်လည်း အချိန်ကုန်ငွေကုန် လူပန်းဖြစ်စေသည်။ ထိုရောဂါကြီးနှစ်မျိုးကို မဖြစ်မီက ကြိုတင်ရှောင်ရှားနိုင်ရန် လေ့လာကြည့်သောအခါ အစားသောက်မှ စသည်ကို တွေ့ရပေသည်။ သွေးတိုးနှင့် ဆီးချိုနောက်ဆက်တွဲ နှလုံးရောဂါဖြစ်သူ အတော်များများကိုကြည့်လျှင် ဝဝဖြိုးဖြိုး၊ စိုစိုပြည်ပြည်ရှိနေကြ



သည်ကို တွေ့ရသည်။ ထိုသူများသည် အဆီအအိမ့် အရသာများကို စားသုံးမှုလွန်ကဲသူများဖြစ်ပြီး အဲယားကွန်း၊ ရေခဲသေတ္တာ၊ ပန်ကာစသည်များနှင့် ဇိမ်ခံသူများတွင် အဖြစ်များသည်ကို တွေ့ရပေသည်။ တိုင်းရင်းဆေး ပညာအမြင်အားဖြင့် အအေးရုပ်(သီတရုပ်)ရှိသူ၊ အအေးစာ(သီတစာ)ကြိုက်သူများ ဖြစ်သည်ကို တွေ့ရပေသည်။

ကမ္ဘာပေါ်ရှိ ကွဲပြားသောလူမျိုးများ၏ အစားအသောက်များကို လေ့လာကြည့်သောအခါ 'အချိုအအေး' ကြိုက်သူများနှင့် 'အစပ်အပူ'ကြိုက်သူများဟူ၍ နှစ်မျိုးနှစ်စားတွေ့ရသည်။ အထူးသဖြင့် အနောက်တိုင်း ဥရောပအစားအစာများသည် အသားစားရာတွင် အချိုအအေးအရသာဖြစ်အောင် ပြုပြင်စားကြသည်ကိုတွေ့ရပြီး အရှေ့တိုင်း အိန္ဒိယနွယ်ဖွားများမှာ အသားစားသောအခါ၊ အသီးအနှံစားသောအခါ ငရုတ်သီး၊ ငရုတ်ကောင်း၊ ချင်းစသည်တို့သုံးပြီး အစပ်အပူအရသာဖြစ်အောင် ဖန်တီးပြီး စားသောက်ကြသည်ကို တွေ့ရသည်။

အရှေ့နှင့် အနောက်အကြားနိုင်ငံများဖြစ်သော မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ ဂျပန်နှင့် အချို့သော တရုတ်ပြည်နယ်များမှာ အချိုရောအစပ်ပါ ဆန့်ကျင်ဘက် နှစ်မျိုးတွဲသောအစာများကို စားသောက်၍ ကြိုက်နှစ်သက်ကြသည်ကို ထူးဆန်းစွာ တွေ့ရှိရပါသည်။ ဥရောပအစာလည်း မဟုတ်၊ အိန္ဒိယအစာလည်း မဟုတ်သော ဟင်းချက်နည်းများကို အရှေ့တောင်အာရှနိုင်ငံများတွင် တွေ့ရတတ်သည်။

ရိုးရာဆေးပညာတွင် အချိုသည် ရသာခြောက်ပါးတွင်ထိပ်ဆုံးမှ ဦးဆောင်သော အရသာဖြစ်သည်။ အချိုတွင် ပထဝီဓာတ်နှင့် အာပေါဓာတ်တို့ လွန်ကဲစွာပါဝင်သဖြင့် အသားတိုးပြီး ဝဖြိုးစေသော၊ ဖောင်းကားစေသော သဘောရှိသည်။ ပထဝီလွန်လျှင် အသားတိုးများပြီး အာပေါဓာတ်လွန်လျှင် အရေဓာတ်အတိုးများသဖြင့် နှစ်မျိုးလုံးတိုးသောအခါ အသားအရေဆူဖြိုးခြင်း၊ ဝိတ်တက်ခြင်း၊ မိမိခန္ဓာမိမိ မသယ်နိုင်ခြင်းများ ဖြစ်နိုင်ပေသည်။

အပူစာ၊ အအေးစာ သဘောဖြင့် ကြည့်လျှင်လည်း ရသာခြောက်ပါးတို့တွင် သုံးပါးဖြစ်သော အချို၊ အငန်၊ အဖန်တို့သည် အအေးစာဖြစ်ပြီး လူကို ဝဖြိုးစေနိုင်သည်။ အခြားသုံးပါးဖြစ်သော အစပ်၊ အချဉ်၊ အခါး သုံးမျိုးတို့သည် အပူစာဖြစ်ပြီး လူကိုကျုံ့စေ၊ ကျစ်စေနိုင်သော သတ္တိရှိပေသည်။ အအေးစာများတွင် ရေခဲသေတ္တာကဲ့သို့ အေးသောနေရာတွင် သိမ်းဆည်းထားပြီးမှစားလျှင် ပို၍အအေးဓာတ် လွန်ကဲစေနိုင်သည်။ ထို့အတူ အပူစာများကို နေလှန်းပြီး အခြောက်ခံစားလျှင် ကြော်လှော်စားလျှင် ပို၍အပူဓာတ်လွန်ကဲကာ ပိန်စေနိုင်ပေသည်။ ဤသည်မှာ ဓာတ်သဘောအရသာဖြစ်သော်လည်း အပူစာ၊ အအေးစာ နေ့စဉ်ရောနှော စားသောက်နေသူများအတွက်မူ အတိအကျမပြောနိုင်ပေ။

ရောဂါဆိုရာတွင် ကူးစက်ရောဂါများကိုဘေးဖယ်ထားပြီး နာတာရှည်ရောဂါဖြစ်သည်။ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါကြီးသုံးမျိုးတို့ ဖြစ်ပွားခံစားနေရသူလူနာများကို ဆေးပညာရှင်များက သုတေသနပြုကြည့်သောအခါ အချို အရသာများစွာ စားသုံးသူနှင့် အအေးကြိုက်သူများတွင် ပို၍ဖြစ်ကြောင်းတွေ့ရသည်။ တစ်နည်းအားဖြင့် အချို၊ အချိုရည်နှင့် အအေးစာများကို ကာလကြာရှည်စားသုံးရာမှ ဝဖြိုးမှု လွန်ကဲလာသူ၊ ခန္ဓာကိုယ် ဘော်ဒီဝိတ် မထိန်းခဲ့သူများမှာ အထက်ပါ နာတာရှည်ရောဂါကြီးများ ဖြစ်လေ့ ရှိကြောင်း သုတေသနပြုတွေ့ရှိရလေသည်။

အထူးသဖြင့် သွေးရောဂါနှင့် နှလုံးရောဂါ၊ အသည်းအဆီဖုံးရောဂါများမှာ အချိုရည်ကြိုက်သူများကို ထမင်းစားချိန်တွင် အချိုရည် သောက်သုံးလေ့ရှိသူများတွင် ပို၍ပင်အဖြစ်များကြောင်း တွေ့ရှိရသည်။ ရေခဲသေတ္တာထဲမှ အအေးဘူးကို မက်မက်မောမော ထမင်းစားရင်း သောက်သုံးလေ့ရှိသူများနှင့် မောပန်းသည့်အခါတိုင်း အလုပ်လုပ်ရင်း အချိုရည်သံဘူးများ သောက်သုံးသူများတွင် ဆီးချို သွေးချိုရောဂါပို၍ပင် ဖြစ်လေ့ရှိကြောင်း တွေ့ရသည်။

အအေးကြိုက်ခြင်းမှာ နာတာရှည်ရောဂါများ စွဲစွဲမြဲမြဲဖြစ်ရခြင်း၏ အကြောင်းအရင်းတစ်ရပ်ဖြစ်နေသည်ကို ရောဂါဗေဒလေ့လာသူများက တွေ့ရှိခဲ့ကြသည်။ အအေးဓာတ်ပေးထားသော တိုက်ကြီးတာကြီးများရှိ ရုံးခန်းများတွင် အလုပ်လုပ်ကိုင်နေသူ၊ နေထိုင်သူများ၏ ကျန်းမာရေးနှင့် ပြင်ပတွင်နေရောင်ခြည်နှင့်ထိတွေ့ပြီး နေထိုင်သူများ၊ လေကိုသဘာဝအတိုင်း ရှူရှိုက်ရသူများ၏ ကျန်းမာရေးမှာ ၁၀ နှစ်ခန့် လေ့လာကြည့်သောအခါ ကွာခြားမှုများရှိလာကြောင်း တွေ့ရသည်ဟု ဆိုသည်။ နံနက်ခင်း၏ သဘာဝနေရောင်ခြည်အောက်တွင် လမ်းသွားရသူ၊ အလုပ်လုပ်ရသူများမှာ အထူးပင်ကျန်းမာပြီး အခန်းအောင်း၍ အလုပ်လုပ်ရသူများထက် ရောဂါကင်းကြကြောင်းကို တွေ့ရှိရသည်ဟု ဆိုသည်။ လူတွင်မက တိရစ္ဆာန်များမှာပင် သဘာဝအတိုင်း စားကျက်တွင် လွှတ်ကျောင်းထားသော တိရစ္ဆာန်နှင့် ခြံဝင်းအလုံတွင် ပိတ်၍ မွေးမြူထားကာ သဘာဝမဟုတ်သော အစာ (စပ်စာ)များကျွေးထားသော တိရစ္ဆာန်များရောဂါဒဏ် ခံနိုင်ရည် မတူကြကြောင်း တွေ့ရှိရသည်။

အအေးကြိုက်ခြင်းနှင့် အချိုကြိုက်ခြင်းသည် ငယ်စဉ်က ပြုမူခဲ့သည့် အလေ့အကျင့်အပေါ်တွင် မူတည်သည်။ ငယ်စဉ်က မုန့်အချိုများနှင့် ဖျော်ရည်အချိုရည်ဘူးများတိုက်ကျွေးခဲ့သည့် ကလေးများသည် သွားပိုးစားရောဂါဖြစ်ခဲ့လျှင် ကြီးလာလျှင်နှလုံးရောဂါဖြစ်နိုင်ခြေရှိသည်ဟု သုတေသီများကဆိုကြသည်။ အချိုရည်သည် နှလုံးရောဂါနှင့် အဝလွန်ရောဂါဖြစ်မည့် အခြေခံဖြစ်ပြီး အချိုကြိုက်သော ကလေးများသည် အဲယားကွန်းကဲ့သို့ အအေးကိုလည်း အလွန်ကြိုက်ကြောင်း တွေ့ရှိရသည်။ ကလေးများကို ငယ်စဉ်ကတည်းက မှားသောအကျင့်မျိုးကို မျိုးစေ့ချမပေးသင့်ပေ။ သဘာဝအသီးအနှံကို စားချင်အောင်၊ နှစ်သက်အောင် လေ့ကျင့်ပေးခြင်းဖြင့် ကြီးလာသောအခါ အဝလွန်ခြင်းနှင့် နှလုံးသွေးကြော အဆီတက်ခြင်းရောဂါများကို ကာကွယ်ရာရောက်ပေသည်။ လေဖြတ်ဖူးသည့် မျိုးရိုးရှိသူများပို၍သတိထားသင့်သည်။ မိမိမျိုးဆက်ကို အချိုနှင့် အအေးမကြိုက်အောင်လေ့ကျင့်ပေးခြင်းဖြင့် လေဖြတ်ခြင်းမှ ကာကွယ်နိုင်ပေသည်။

မြန်မာနိုင်ငံနှင့် ထိစပ်နေသော အိန္ဒိယနိုင်ငံ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရခိုင်ပြည်နယ်များတွင်နေထိုင်သူများသည် ဆီးချို၊ သွေးချိုရောဂါအဖြစ်နည်းသည်ဟု လေ့လာသူများက သိရှိလာသောအခါ ထိုလူမျိုးများသည် အချိုစားနည်းပြီး အစပ်စားများသူ၊ ဟင်းအစပ်စားလေ့ရှိသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အာယုဗေဒဆေးကျမ်းများ အလိုအရလည်း အချိုကိုဖျက်သောဓာတ်သည် အစပ်အရသာဖြစ်ကြောင်း ဖော်ပြထားသည်။ အချို အအေးကြိုက်သူများသည် အစပ်အရသာကိုလည်း ထိုက်သင့်သလို စားသုံးပေးခြင်းဖြင့် အဝလွန်ခြင်းနှင့် နာတာရှည်ရောဂါများမှ ကာကွယ်သင့်ကြောင်း တင်ပြလိုက်ရပေသည်။



# စခန်းကန်ကျေးရွာ ပြည်သူများသို့ ရေဖြည့်တင်းဝေငှ

**ရေနံချောင်း မတ် ၁၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စခန်းကန်ကျေးရွာ၌ မတ် ၉ ရက် နံနက် ၈ နာရီခွဲက မီးလောင်မှုဖြစ်ပွားချိန်တွင် အမကလွှန်(၅၄)ရှိ ရေဂါလန် ၁၀၀၀၀ ဆံ့ မိုးရေသိုလှောင်ကန်မှ ရေဂါလန် ၅၀၀၀ နီးပါးခန့်ရှိသည့်အနက် ရေဂါလန် ၁၆၀၀ ကို မီးထိန်းသိမ်းနိုင်ရေးအတွက် CNJ မီးသတ်ရေသယ်ယာဉ်တစ်စီးက အရေးပေါ်စုပ်ယူသုံးစွဲရသောကြောင့် မကွေးမြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုတိယမီးသတ်ဦးစီးမှူး ဦးစိုးညွန့် ဦးဆောင်သော အဖွဲ့က မတ် ၁၀ ရက်တွင် ရေဂါလန် ၁၆၀၀ ဆံ့ CNJ မီးသတ်ရေသယ်ယာဉ် တစ်စီးနှင့် ရေနံချောင်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ ရေဂါလန် ၁၆၀၀ ဆံ့ CNJ မီးသတ်ရေသယ်ယာဉ်နှစ်စီး စုစုပေါင်းသုံးစီး သွားရောက်၍ အဆိုပါ မိုးရေသိုလှောင်ကန်ကို ရေဂါလန် ၇၀၀၀ ခန့် ထည့်၍ ရေအပြည့် ပြန်လည်ဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ရေအခက်အခဲဖြစ်ပေါ်နေသော ကျေးရွာရှိ မိဘပြည်သူများအား ရေဂါလန် ၂၄၀၀ ခန့်ကို ဝေငှပေးခဲ့သည်။

ရေဖြည့်တင်းခြင်းနှင့် ရေဝေငှရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကိုကိုလင်း၊ ရဲအုပ်ကြည်စိုး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမောင်ခိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလှူငွေပေးအပ်

**ရမည်းသင်း မတ် ၁၂**

ရမည်းသင်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် မတ် ၉ ရက်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဆင်ကျုံးတောရကျောင်းတိုက်နှင့် စန္ဒာရတနာပရိယတ္တိ သီလရှင်စာသင်တိုက်များသို့ အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရမည်းသင်းခရိုင် အတွင်းရှိ ရမည်းသင်းမြို့နယ် ပျော်ဘွယ်မြို့နယ်တို့မှ ဘာသာကြီး (၄)ရပ် အဖွဲ့ခေါင်းဆောင်များ စုပေါင်း၍ ဆင်ကျုံးတောရကျောင်းတိုက်သို့ သွားရောက်ကာ နိုင်ငံတော်သြဝါဒါစရိယ ဆင်ကျုံးတောရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလ္လမထေရ်၏ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲအတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ကော်မတီကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် စန္ဒာရတနာပရိယတ္တိ သီလရှင်စာသင်တိုက်သို့ သွားရောက်ကာ ယင်းစာသင်တိုက် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# မိုးညှင်းမြို့နယ်၌ မိုဘိုင်းဖုန်း ဆက်သွယ်မှု အဆင်ပြေချောမွေ့တော့မည်

**မိုးညှင်း မတ် ၁၂**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဌာနမှ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် GSM BTS စခန်းများကို မိုးညှင်း၊ ဟိုပင်၊ မော်ဟဲ၊ ဘီလူး၊ နန်းမားနှင့် လယ်ပုံကလေးတို့ တည်ဆောက်ထားရှိပြီး မိုးညှင်းမြို့၌ 2G 3G စနစ်သုံး စက်အမျိုးအစားတပ်ဆင်ထားကြောင်း ပြည်နယ်မန်နေဂျာ ဦးအောင်ဖြိုးမြတ်ထံမှ သိရသည်။

အဆိုပါ စခန်းများအနက် မိုးညှင်းမြို့ စာတိုက်ဝင်းအတွင်းရှိ GSM BTS စခန်းတွင် 2G 3G Network စနစ်သုံး Radio စက်အမျိုးအစားတပ်ဆင်ထားပြီး အခြားစခန်းငါးခုတွင် 2G Network စနစ်သုံး Radio စက်အမျိုးအစားများတပ်ဆင်ထားကြောင်း၊ Power အနေဖြင့် နေရောင်ခြည် စွမ်းအင်သုံး Solar စနစ်တပ်ဆင်ထားပြီး နေရောင်မရရှိပါက ဒီဇယ်အင်ဂျင်ဖြင့် အစားထိုးသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မကြာမီ Mini Miccro Link ဆက်ကြောင်းလိုင်းပြီးစီး၍ ဆက်ကြောင်းသုံးစွဲခွင့်ရရှိပါက GSM မိုဘိုင်းဖုန်းများ အဆင်ပြေချောမွေ့စွာ သုံးစွဲနိုင်ကြတော့မည်ဖြစ်သည်။

"ယခင်ကကဲ့သို့ GSM ဖုန်းများ ခေါ်ဆိုမှုခက်ခဲခြင်း၊ လိုင်းကျပ်ခြင်းများမရှိတော့ဘဲ လွယ်လင့်တကူ ပြောဆိုနိုင်ကြတော့မှာဖြစ်ပါတယ်" ဟု မိုးညှင်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (အော်တို၊ မိုဘိုင်း) တာဝန်ခံ ဦးခင်ဇော်က ပြောသည်။

**ကေဆိုင်းနော်(ဖားကန့်)**



ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကျ

ပြည်တွင်းသတင်း



စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက် အုပ်ချုပ်ရေးမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြီးမှူးကျင်းပသည့် ဗားကရာကျောင်းတိုက် သာသနာ့ဟိတကာရီစာမေးပွဲကို အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား ဂန္ဓကုဋိတိုက်အတွင်း မတ် ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပရာ မူလတန်း၊ အငယ်တန်း၊ အလယ်တန်း၊ အကြီးတန်းနှင့် စာချတန်းမှ သံဃာတော်များဝင်ရောက်ဖြေဆိုကြစဉ်။ ဘော်ဂါသွေး

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မိုးကောင်း မတ် ၁၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်းနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ မိုးပွင့်(အထူး)စီမံချက်ကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိရာ မတ် ၈ ရက်က မြို့သစ်ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာနေ နိုင်ငံသားအရည်အချင်းပြည့်မီသည့် (၁၀ နှစ်)ပြည့်ပြီးသူ ၁၈ ဦးနှင့် (၁၈ နှစ်)ပြည့်ပြီးသူ ၅၃ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းအောင်**

**သတင်းတိုများ**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေး

တောင်ငူခရိုင် ဖြူးမြို့နယ် သစ်တောဦးစီးဌာနနှင့် ဖြူးမြို့ အနာဂတ်စိမ်းလန်းသစ်ပင်ချစ်သူများ အဖွဲ့တို့ပူးပေါင်း၍ လောင်စာလျှော့ချရေး ပညာပေးဟောပြောပွဲနှင့် (A 1) တစ်ချောင်းထိုး မီးဖိုများအခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို ဖြူးမြို့နယ် ချင်းခင်ကျေးရွာအုပ်စု ခင်ရှည်ရွာ ဘုန်းတော်ကြီးကျောင်း၌ မတ် ၁၀ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လောင်စာလျှော့ချရေးကို မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးရဲမြင့်၊ ဖြူးမြို့အနာဂတ် စိမ်းလန်းသစ်ပင်ချစ်သူများအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အတွင်းရေးမှူး ဦးမောင်မောင်ရွှေတို့က ငါးအမိုင်နိုအက်စစ်၊ ဩဂဲနစ်ရွက်ဖျန်းဆေးနှင့် ဒေါ်ချက်ကင် သဘာဝမြေဩဇာ ပြုလုပ်နည်းတို့ကို ပညာပေးဟောပြောဆွေးနွေးကြသည်။

**ဖြူး-မြင့်ဦး**

## (ဆိုလာ) မီးလင်းရေးဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် သတိုးအောင်ဇေယျကုမ္ပဏီက ပေါက်ခေါင်းမြို့နယ်ရှိ ဘောဒါ၊ ခဝေါင်း၊ ရွှေတောင်၊ ငွေတောင်ကျေးရွာများသို့ (ဖြည့်စွက်) ရန်ပုံငွေဖြင့် မတ် ၈ ရက်က ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားများ တပ်ဆင်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ တပ်ဆင်ဆောင်ရွက်ပေးရာတွင် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဘလီစံလှ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးလှိုင်မြင့်ဦး ၊ ဦးဝင်းထွန်းမြင့်၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းလွင်၊ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်လှု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်တို့က ဆိုလာပြားနှင့် အထောက်အကူပစ္စည်းများပေးအပ်ကြရာ ကျေးရွာမီးလင်းရေး ကော်မတီဝင်များက လက်ခံယူခဲ့ကြောင်း သိရသည်။

**(၁၇၈)**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ်များလှူဒါန်း

**ကွမ်းလုံ မတ် ၁၂**

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးနှင့် အုပ်ချုပ်မှု အထောက်အကူပြုကော်မတီထံသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်အိတ် ၃၀၀၀ ကို ကွမ်းလုံမြို့နယ် စိုက်ပျိုးရေးဂိုဒေါင်တွင် ထားရှိမှုအခြေအနေကို ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်တီဥက္ကဋ္ဌ ဦးအယ်လ်တိန့်ဘောင်တို့က မတ် ၉ ရက်၌ အဆိုပါ စိုက်ပျိုးရေးဂိုဒေါင်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးနှင့် အုပ်ချုပ်မှုအထောက်အကူပြုကော်မတီထံသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်အိတ်များကို နယ်စပ်ဒုက္ခသည်စခန်းများသို့ ဆက်လက်ပို့ဆောင်နိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။



ပြည်နယ် လူမှုရေးဝန်ကြီးသည် ကွမ်းလုံမြို့နယ် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်းအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် မြို့နယ်ကြက်ခြေနီအဖွဲ့သို့ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## စနစ်ကျလယ်ယာမြေ ကေ ၁၀၀ ဖော်ထုတ်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာအုပ်စု၊ ရွှေးစုကျေးရွာတွင် စနစ်ကျလယ်ယာမြေကေ ၁၀၀ ဖော်ထုတ်မှုကို မတ်လဆန်းမှစတင် ဖော်ထုတ်လျက်ရှိသည်။ ထိုသို့ အဆင့်မြင့်စနစ်ကျလယ်ယာမြေ ဖော်ထုတ်လျက်ရှိသည့် လုပ်ငန်းခွင်သို့ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးတာဝန်ခံ ဦးမြင့်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့တို့ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး စနစ်ကျလယ်ယာမြေဖော်ထုတ်မှုနှင့်ပတ်သက်၍ အမှတ် ၆၈ စက်မှု လယ်ယာစခန်း တပ်ကုန်းမြို့နယ် မြို့နယ်ဦးစီးဌာနမှူး ဦးသန့်ဇော်ဦးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## မန်ကျည်းသီးမှည့်ပေါ်ချိန်တွင် မန်ကျည်းသီးပုတ်လုပ်သားရှားပါးသော်လည်း မန်ကျည်းလုပ်ငန်း လုပ်ကိုင်သူများအဆင်ပြေ

**တပ်ကုန်း မတ် ၁၂**

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် ကံသာ(တပ်ပေါက်) ကျေးရွာပြည်သူများသည် မိရိုးဖလာလယ်ယာလုပ်ငန်းများ လုပ်ကိုင်သည့်အပြင် မန်ကျည်းသီးမှည့်ပေါ်ချိန်တွင် မန်ကျည်းလုပ်ငန်းများကို တစ်ရွာလုံးနီးပါး လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

“မြို့ပေါ်နဲ့ ကျေးလက်ဒေသတွေမှာ စိုက်ပျိုးလို့ပဲဖြစ်ဖြစ်၊ အလေ့ကျပေါက်လို့ပဲဖြစ်ဖြစ်၊ ရှင်သန်ပေါက်ရောက်နေတဲ့ မန်ကျည်းပင်တွေကို ကံသာ (တပ်ပေါက်) ကျေးရွာကငွေအရင်းအနှီး စိုက်နိုင်သူတွေက ဝါဆို၊ ဝါခေါင်လတွေမှာ မန်ကျည်းသီးနု သီးနှုန်းပေါ်မူတည်ပြီး တစ်နှစ်တစ်ခါ မန်ကျည်းပင်တစ်ပင်ကို ငွေကျပ် ၂၀၀၀၀၊ ၃၀၀၀၀၊ ၄၀၀၀၀ ဖြင့် ကြိုတင်လိုက်လံ ဝယ်ယူထားရပါတယ်၊ တပို့တွဲလပြည့်ကျော်၊ တပေါင်းလတွေမှာ မန်ကျည်းသီးမှည့်တွေကို ပုတ်ယူရပါတယ်၊ မန်ကျည်းပုတ်လုပ်သား အနည်းငယ်ရှားပါတော့ အမျိုးသမီးတွေလည်း မန်ကျည်းပင်တက်ပုတ်ရပါတယ်၊ မန်ကျည်းသီးပုတ်နေ့စားခ ငွေကျပ် ၅၀၀၀၊ ကောက်ခ ငွေကျပ် ၂၀၀၀၊ အခွံသင်အကြောဆွဲခ တစ်ပိဿာ ငွေကျပ် ၅၀ ပေးရပါတယ်၊ ဒီနှစ်မှာ ကျွန်မတို့က ငွေကျပ် လေးသိန်းဖိုး မန်ကျည်းပင် ၁၀ ပင်လောက် ဝယ်ယူထားပါတယ်၊ မန်ကျည်းပင် ၁၀ ပင်မှာ မန်ကျည်းသီးကုန်ချိန် ပိဿာ ၁၇၀၀ ရရှိပါတယ်၊ မန်ကျည်းသီးအကြောဆွဲ တစ်ပိဿာ ငွေကျပ် ၄၅၀ နဲ့ ရောင်းချရတော့ အမြတ်ငွေ သုံးသိန်းခြောက်သောင်းကျော် ရရှိပါတယ်” ဟု မန်ကျည်းလုပ်ငန်းလုပ်ကိုင်သူ မမိုးမိုး၏ ပြောပြချက်အရသိရသည်။

ယင်း ကျေးရွာပြည်သူများ မန်ကျည်းသီးပုတ်၊ မန်ကျည်းသီးကောက်၊ မန်ကျည်းသီးအခွံသင်၊ အကြောဆွဲလုပ်ငန်းများ ပြီးစီးသည့်နောက် အစောပေါ်သော မန်ကျည်းပင်များမှ မန်ကျည်းရွက်များကို ခူးရောင်းသည့်လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ကြကြောင်း၊ မန်ကျည်းရွက်တစ်နေ့လျှင် သုံးပိဿာ၊ လေးပိဿာရရှိပြီး တစ်ပိဿာ ငွေကျပ် ၂၅၀၀ ဖြင့်ရောင်းချကြောင်း ၎င်းအမျိုးသမီးက ဆက်လက်ပြောပြသည်။



**တင်စိုးလွင်(တပ်ကုန်း)**

## ပင်းတယ၌ ရှင်အပါး ၄၀ ရှင်ပြုပွဲ ကျင်းပ

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် ကျောင်းသားများအား နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား ၄၀ ကို ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် မြတ်ဗုဒ္ဓ၏ အမွေရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၁၀ ရက်တွင် အော်ရောရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြီး မတ် ၁၁ ရက်တွင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ တရားတော်နာယူကာ အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့သည်။

အဆိုပါရှင် အပါး ၄၀ ရှင်ပြုပွဲအခမ်းအနားသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးထူးကိုကိုနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

## လူငယ်စွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာနေပြည်သူများ အသိပညာတိုးပွား၍ လူမှုစီးပွားဘဝမြင့်မားလာစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ ချောက်မြို့နယ် ကျေးလက်ဦးစီးဌာနအနေဖြင့် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းများဖွင့်လှစ်၍ ကျေးလက်နေ လူငယ်များ အသိပညာမြင့်မားရေး ကြိုးပမ်းစွမ်းဆောင်လျက်ရှိသည်။ လက်ရှိအချိန်ထိ ကျေးရွာပေါင်း ၆၆ ရွာမှ သင်တန်းသား ၃၃၀ ကို ပို့ချပေးခဲ့ပြီး သင်တန်းတစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် ပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကျေးလက်ဒေသ၏ အခြေခံလိုအပ်ချက်ဖြစ်သော ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေးလုပ်ငန်းဘာသာရပ်များ၊ လူထုဗဟိုပြုစီမံကိန်း၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း ဘာသာရပ်များ၊ မွေးမြူရေးဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့၍ ကျေးလက်နေလူငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

**မချို**

## ဦးသန့်အထိမ်းအမှတ်စာကြည့်တိုက် အလှူငွေလိုအပ်

**ပန်းတနော် မတ် ၁၂**

နိုင်ငံ့ဂုဏ်ဆောင် ပန်းတနော်မြို့ အမျိုးသား အထက်တန်းကျောင်းအုပ်ဆရာကြီး ကုလသမဂ္ဂ တတိယမြောက် အထွေထွေအတွင်းရေးမှူးချုပ် (၁၉၆၁ ခုနှစ် နိုဝင်ဘာမှ ၁၉၇၁ ခုနှစ် ဒီဇင်ဘာအထိ တာဝန်ထမ်းဆောင်) ဦးသန့်အား အမှတ်တရ ဂုဏ်ပြုသည့်အနေဖြင့် ဦးသန့်စာကြည့်တိုက်နှင့် ကိုယ်တစ်ပိုင်းပုံတူ ကြေးရုပ်တုထားရှိရန် အဆောက်အအုံကို ပန်းတနော်မြို့ မြတောင်စာသင်တိုက် ဒုတိယနာယက ဆရာတော် အရှင်ကုမာရ (မြထိပ်တင်-ပန်းတနော်)နှင့် ပန်းတနော် မြို့နယ်အသင်း (ရန်ကုန်) တို့ကကြီးမှူး၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်တည်ဆောက်နေကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံမှာ ပန်းတနော်မြို့အဝင် ရန်ကုန်-ပုသိမ် အဝေးပြေး လမ်းမကြီးဘေး အောင်သပြေဘိုးဘွားရိပ်သာအနီး၌ အလျား ၇၅ ပေ၊ အနံ ပေ ၄၀၊ RC နှစ်ထပ် တည်ဆောက်နေခြင်းဖြစ်ပြီး ရပ်ဝေးရပ်နီး အလှူရှင်များ၏ လှူဒါန်းငွေကျပ် သိန်း ၅၀၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ရာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယခုအခါ စာကြည့်တိုက် ဆက်လက် ဆောက်လုပ်နိုင်ရေးအတွက် မြတောင်စိန်တန်ဆောင်းတွင် မတ် ၆ ရက်မှ ၈ ရက်အထိ အထူးဓမ္မသဘင်များ ဆင်ယင်ကျင်းပ၍ အလှူခံလျက်ရှိပြီး ပါဝင်လှူဒါန်းလိုပါက အရှင်ကုမာရ ဒုတိယဆရာတော် မြတောင်စာသင်တိုက် ပန်းတနော်မြို့ ဖုန်း-၀၉-၄၉၂၀၃၁၆ နှင့် ဦးတင်စိုး -ဦးသန့် စာကြည့်တိုက်လုပ်ငန်းဖြစ်မြောက်ရေးကော်မတီ ပန်းတနော်မြို့ ဖုန်း ၀၉-၈၅၄၃၁၈၆ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ခင်မောင်ဇော်မြင့်**



## ပြည်သူများရေဘေးအန္တရာယ်ကာကွယ်တားဆီးရန် ဟိုပန်မြို့သို့ ကွင်းဆင်းကြည့်ရှု

**ဟိုပန် မတ် ၁၂**

နှစ်စဉ် မိုးတွင်းကာလ၌ ကြုံတွေ့ရသည့် နမ့်ဆောင်ချောင်း ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် အနိမ့်ပိုင်းနှင့် ချောင်းနံဘေးနေပြည်သူများ ရေဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းတို့သည် မတ် ၁၀ ရက်က ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအစည်းအဝေးခန်းမ၌ ဦးစီးအဖွဲ့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံပွဲကျင်းပသည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင်၌ တာဝန်ထမ်းဆောင်သည့် တိုက်ပွဲရှောင်ဝန်ထမ်းများနှင့် မိသားစုများအတွက် ထောက်ပံ့ငွေကျပ် ၁၁ သိန်းကို ပေးအပ်ရာ လျှပ်စစ်နှင့်ပြန်/ဆက်ဝန်ထမ်းနှစ်ဦးက ကိုယ်စားပြုလက်ခံယူသည်။

ဆက်လက်၍ ဟိုပန်မြို့လယ်သို့စီးဆင်းနေသည့် နမ့်ဆောင်ချောင်းရေထိန်းနံရံ ပြုလုပ်မည့်နေရာနှင့် နမ့်တိန်ချောင်း ရေစီးကမ်းပြိုကာကွယ်ရန်နေရာ၊ မြို့နယ်မီးသတ်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးရေးကော်မတီဖွဲ့စည်း စစ်ဆေးဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ကရာတေးဒိုသင်တန်းဆင်းပွဲကျင်းပ

**မြိတ် မတ်လ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက်ရှိ မြိတ်တက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား/သမီး ကရာတေးဒိုသင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၉ ရက်က အဆိုပါတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကရာတေးဒို သင်တန်းသား/သူ ၃၃ ဦးတို့အား မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ သင်တန်းဆင်းကျောင်းသား ကျောင်းသူများက အခြေခံကရာတေးဒို လေ့ကျင့်ခန်းများသရုပ်ပြခြင်း၊ သင်တန်းနည်းပြဆရာ ဦးကျော်စိုးနှင့် ဦးဟန်ဝင်းနိုင်တို့က ပြိုင်ပွဲဝင်(ခတ)သရုပ်ပြခြင်း၊ သင်တန်းဆင်း ကျောင်းသားကျောင်းသူများက (ခတ)သရုပ်ပြခြင်းနှင့် အပြန်အလှန်ခုခံတိုက်ခိုက်နည်းဖြင့် သရုပ်ပြခြင်း၊ ပြိုင်ပွဲဝင်ပုံစံတိုက်ခိုက်နည်း (ကုမိတဲ့)ဖြင့် သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

## ကသာမြို့တွင် ခွင့်ပြုမိန့်မရှိ ပရိဘောဂလက်မှုလုပ်ငန်း လုပ်ကိုင်မှုကြောင့် အခက်တွေ့

**ကသာ မတ် ၁၂**

ကသာမြို့တွင် တောတောင်များမှထွက်ရှိသော ကျွန်းသစ်များကို ပရိဘောဂအိမ်သုံးအဆောင်ပစ္စည်းအဖြစ်လုပ်ကိုင်ရောင်းချနေလျက်ရှိရာ ခွင့်ပြုမိန့်ရသဖွယ်လုပ်ကိုင်နေခြင်းကြောင့် အိမ်နီးနားများ အခက်တွေ့နေရကြောင်း သိရသည်။ တရားမဝင် သစ်တောထွက် ပြည်သူပိုင်ကျွန်းသစ်များကို အချောအကြမ်း သေသပ်လှပအောင် လျှပ်စစ်နှင့်တွဲ၍ပြုလုပ်သော သစ်သားဖြတ်အချောကိုင် လွှစက်များသုံးစွဲနေသဖြင့် နားမခံနိုင်အောင် နေ့စဉ်ပြုလုပ်နေကြကာ အိမ်နီးနားချင်းများကိုလည်း အားနာမှုမရှိဘဲ သက်ကြီးဘိုးဘွားများ ဥပုသ်သီလယူနေမှုကို နားမခံသာ ပြုလုပ်နေ၍ တားမြစ်ပေးစေလိုကြောင်း အမှတ် (၅) ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

ထို့ပြင် ပရိဘောဂလုပ်ငန်းတွင် ဗီရို၊ စားပွဲကုလားထိုင်၊ တံခါးပေါင် အစရှိသည့် အိမ်သုံးအဆောင်ပစ္စည်းအမျိုးမျိုးကို မှာယူသူများပေါ်မူတည်၍ လုပ်ကိုင်နေကြလျက်ရှိရာ သစ်တောများမှထွက်ရှိသော ကျွန်းသစ်များအများဆုံး အသုံးပြုနေကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

ပြည်တွင်းသတင်း

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းမှ နေပြည်တော်ကောင်စီ၏ထောက်ပံ့သော ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဒက္ခိဏသီရိမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော နှစ်လက်မ စက်ရေတွင်း (မိန်းကန်တစ်ကန်)လုပ်ငန်း ရှစ်ခု၊ ကျေးရွာအတွင်း ရိုစာလမ်း ၂၃ လမ်း၊ ကျေးရွာချင်းဆက် ချောင်းကူးတံတား သုံးခု၊ မူကြိုကျောင်းပြုပြင်ခြင်းလုပ်ငန်းအပါဝင် စုစုပေါင်း လုပ်ငန်း ၃၅ ခုကို နေပြည်တော်ကောင်စီ၏ ညွှန်ကြားမှုဖြင့် မတ် ၁၀ ရက်က တစ်မြို့နယ်လုံး၏ ဆောင်ရွက်ပြီးစီးမှု ၈၀ ရာခိုင်နှုန်းကို လုပ်ငန်းတစ်ခုချင်းအလိုက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် အဆိုပါလုပ်ငန်းများ၏ ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မတ် ၃၁ ရက်မတိုင်မီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထံမှ သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မြန်မာ့အာမခံလုပ်ငန်း သိကောင်းစရာများဟောပြော

**လားရှိုး မတ် ၁၂**

မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်ရုံးမှ ဒေသခံပြည်သူများနှင့် မော်တော်ယာဉ်ပိုင်ရှင်များအား မြန်မာ့အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာများ ဟောပြောပွဲကို မတ် ၁၀ ရက်က မြန်မာ့အာမခံလုပ်ငန်း လားရှိုးခရိုင်ရုံး၌ ကျင်းပရာ လားရှိုးခရိုင်ရုံးမှ တာဝန်ရှိသူ ဒေါ်နွယ်နီက သူတစ်ပါးထိခိုက်မှုအာမခံနှင့် အလုံးစုံမော်တော်ယာဉ်ထိခိုက်မှု အာမခံ၊ ခရီးသွားအာမခံ အကြောင်း သိကောင်းစရာများကို အာမခံထားခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **ဇော်လွင် (လားရှိုး)**

## အမျိုးသမီးများနေ့ အထိမ်းအမှတ်ဟောပြောပွဲကျင်းပ

**ဖျာပုံ မတ် ၁၂**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်ဟောပြောပွဲကို မတ် ၈ ရက်က ဖျာပုံခရိုင် ဒေးဒရဲမြို့ အုန်းပင်ကျေးရွာ တောင်ဘက်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စိုးစိုးရီက အမျိုးသမီးများ သိထားရမည့် အခွင့်အရေးဆိုင်ရာများ ဟောပြောပြီး ဒေးဒရဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်လူက အမျိုးသမီးများ အကြမ်းဖက်ခံရမှု၊ လူကုန်ကူးခံရမှု ဖြစ်စဉ်များနှင့် ဥပဒေရေးရာများအား မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ပိုင်ရှင်မဲ့ ကျွဲနှင့်နွားများအား လေလံတင်ရောင်းချ

**ကသာ မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ထီးချိုင့်မြို့နယ်အတွင်း ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ သော ကျွဲထီး ၁၀ ကောင်၊ ကျွဲမ ၁၃ ကောင် စုစုပေါင်း ၂၃ ကောင်ကို ထီးချိုင့်မြို့နယ် မြတောင်ရွာ အားကစားကွင်း၌ မတ် ၁၀ ရက်က လေလံတင်ရောင်းချပွဲ ပြုလုပ်ခဲ့သည်။

ထိုသို့ရောင်းချရာတွင် ပိုင်ရှင်မဲ့ ဖမ်းမိသည့်လေလံတင် ကျွဲ ၂၃ ကောင်ကို သတ်မှတ်တန်ဖိုးငွေကျပ် ၆၉၉၀၀၀၀ ဖြင့် ဦးဝေလင်း ဖုန်ကုန်းလေးကျေးရွာ ထီးချိုင့်မြို့နယ်နေသူက လေလံဆွဲရရှိသွားကြောင်း သိရသည်။

ဆက်လက်၍ အမှတ်(၂) ရပ်ကွက် (ပိတောက်လှ) သစ်ဖောင်ဖွဲ့ရေးကွင်း၌ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိထားသော နွားထီး ၁၁ ကောင်၊ နွားမ ကိုးကောင် စုစုပေါင်း အကောင် ၂၀ ကို လေလံပွဲ ဆက်လက်ပြုလုပ်ခဲ့ရာ နွားအကောင် ၂၀ သတ်မှတ်တန်ဖိုး ငွေကျပ် ၆၉၂၀၀၀၀ ဖြင့် ဦးဇော်ဦး ကျောက်မှော်ကျေးရွာထီးချိုင့်မြို့နယ်နေသူတို့က အသီးသီး ရရှိသွားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## မှောင်ရိပ်ခိုသူများအားဥပဒေအရအရေးယူ

**စစ်ကိုင်း မတ် ၁၂**

စစ်ကိုင်းမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သီဟစိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် မတ် ၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က လှည့်ကင်းဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ဘောလုံးကွင်းအတွင်း မှောင်ရိပ်ထဲတွင် ဖုန်းမြင့်ခိုင်(၃၀နှစ်)နတ်သံကွင်းကျေးရွာ ငါန်းဇွန်မြို့နယ်နေသူကို မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးရာ ၄င်းရောက်ရှိနေသည့် အကျိုးအကြောင်းခိုင်လုံစွာ ပြောဆိုနိုင်ခြင်းမရှိသဖြင့် စစ်ကိုင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

အလားတူပင် မတ် ၇ ရက်မွန်းလွဲ ၁နာရီခွဲက စစ်ကိုင်းမြို့ ပါရမီဘောလုံးကွင်း မှောင်ရိပ်ထဲ၌ မသင်္ကာဖွယ်တွေ့ရှိရသူ မအိမွန်အောင်(၂၇ နှစ်)ကို စစ်ဆေးရာ အကျိုးအကြောင်းခိုင်လုံစွာပြောဆိုနိုင်ခြင်းမရှိသဖြင့် စစ်ကိုင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

ပြည်တွင်းသတင်း

# မီးဘေးသင့်တောင်ငူမြို့မဈေးကြီး ကိုယ်အားကိုယ်ကိုးစနစ်ဖြင့် ပြန်လည်တည်ဆောက်မည်

**တောင်ငူ မတ် ၁၂**

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မီးလောင်ဆုံးရှုံးခဲ့သည့် တောင်ငူမြို့မဈေးကြီးအား ပြန်လည်တည်ဆောက်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရာ ယခုဆိုလျှင် တစ်နှစ်ပင်ကျော်ခဲ့ပြီဖြစ်သည်။ ဈေးသစ်ပြန်လည်တည်ဆောက်ရန်အတွက် လုပ်ငန်းရှင် ကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် အကြိမ်ကြိမ်ခေါ်ယူခဲ့သော်လည်း စိတ်ဝင်စားမှုနည်းပါးခဲ့ပြီး တည်ဆောက်ရန်အတွက် လာရောက် ဆွေးနွေးခဲ့သည့် လုပ်ငန်းရှင်ကုမ္ပဏီများမှလည်း တိကျခိုင်မာသော ရလဒ်ကောင်းမထွက်ခဲ့ခြင်းကြောင့် မြို့မဈေးကြီး တည်ဆောက်ရန် ကြန့်ကြာနေကြောင်း သိရသည်။



မတ် ၅ ရက် မွန်းလွဲ ၁ နာရီက ဈေးကော်မတီများ၊ မီးဘေးသင့်ဈေးသူဈေးသားများ၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ ညှိနှိုင်းဆွေးနွေးမှုတွင် ဈေးသူ ဈေးသားများ၏ အတည်ပြုဆုံးဖြတ်ချက်ရယူကာ ကိုယ်အားကိုယ်ကိုး နှစ်ရှည် အရစ်ကျချေးငွေစနစ်ဖြင့် ဈေးသစ်ကြီးကို မူလပုံစံအတိုင်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဈေးသူ ဈေးသားများ၏ လိုအင်ဆန္ဒ ဖြည့်ဆည်းပေးရေး ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်လှက "စည်ပင်သာယာက တာဝန်ခံပြီး ဘဏ်တစ်ခုခုနှင့် ချိတ်ဆက်ပြီး ချေးပေးမှာပါ၊ စည်ပင်သာယာက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြမယ်။ ဆိုင်ခန်းပေါင်း ၁၂၀၀ လောက်ပြန်ဆောက်ဖို့အတွက် ငွေကျပ်သိန်းပေါင်း ၁၄၀၀၀ ဝန်းကျင် လောက်ကုန်ကျမယ်လို့ ခန့်မှန်းတယ်။ ချေးငွေကျတာနဲ့ စတင်ပြီးတည်ဆောက်သွားမယ်။ ဆောက်လုပ်မယ့်ပုံစံကို စည်ပင်သာယာကပဲ ဆွဲပေးထားတယ်။ (၆×၈)ပေခန်း တစ်ခန်းကို ၁၃ သိန်းဝန်းကျင်လောက် ကုန်ကျမယ်လို့ ခန့်မှန်းရပြီး ထုပ်တန်းတွေ တံခါးတွေကအစ သံထည်ပစ္စည်းပဲသုံးမယ် အောက်ခံကတော့ အုတ်နဲ့တည်ဆောက်ပြီး အမြင့် ၁၃ ပေ လက်ခံထား တည်ဆောက်သွားမယ်။ မီးလောင်တဲ့အထဲမှာ ပါသွားတဲ့ ၆ လမ်းကဆိုင်ခန်းတွေ၊ အေရုံ၊ ဘီရုံကို နှစ်ထပ်ဆောက်ခွင့်ပြုထားတယ်။ ဆိုင်ခန်းများကြားမှာ ၆ ပေအကျယ်လူ သွားလမ်းများထားရှိမယ်"ဟု ၎င်းကရှင်းပြခဲ့သည်။

တောင်ငူမြို့မဈေးကြီး မီးလောင်ကျွမ်းခဲ့ရာတွင် ဆိုင်ခန်းပေါင်း ၁၃၀၀ ဝန်းကျင်နှင့် ငွေကျပ်သိန်းပေါင်း ၆၀၀၀၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ပြီး တောင်ငူမြို့ မိုင်ဒါအားကစားကွင်းအတွင်း ဆိုင်ခန်းပေါင်း ၆၆၀ ကျော်ဖြင့် မြို့မဈေး(ယာယီ)အားတည်ဆောက်ပေးခဲ့ရာ အဆိုပါယာယီဈေးမှာ တစ်နှစ်နီးပါးခန့်ကြာမြင့်လာခဲ့သော်လည်း အရောင်းအဝယ် အဆင်မပြေသောကြောင့် လာရောက်ဖွင့်လှစ်ရောင်းချသူ မရှိသလောက်ဖြစ်ခဲ့သည်။

မီးလောင်ဆုံးရှုံးခဲ့ရသည့် ဈေးသူဈေးသားများအနေဖြင့် စီးပွားရေး၊ စားဝတ်နေရေး ရပ်တည်မှုခက်ခဲနေရသည်သာမက ဈေးကိုမှီခိုလုပ်ကိုင်နေရသည့် ခေါင်းရွက်ဈေးသည်လေးများနှင့် အလုပ်သမားများ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

**သူရ(တောင်ငူ)**



## ရေတာရှည်မြို့နယ်တွင် တရားမဝင်သစ် ၃၆ တန်ကျော်ဖမ်းဆီးရမိ

**ရေတာရှည် မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်ထုတ်လုပ်မှုများ ရှိနေကြောင်း သတင်းအရ တောင်ငူခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ဦး၊ ရေတာရှည်မြို့နယ်သစ်တောဦးစီးမှူး ဦးဝင်းထွန်းနိုင်၊ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၄ ရက်မှ ၇ ရက်အထိ အဖွဲ့သုံးဖွဲ့ခွဲ၍ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ခဲ့ရာ တရားမဝင် သစ်မျိုးစုံ ၃၆ တန်ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သာဂရ-ကိုးပင် ရိုးမဖြတ်ကျော် ကားလမ်း မိုင်တိုင် (၁/၂) တွင် ဆိုင်ကယ်သုံးစီးနှင့် ကျွန်းခားရွေးရှစ်ချောင်း၊ ရိုးမကြိုးပြင် ကာကွယ်တော (II) တွင် ပိုင်ရှင်မဲ့ ပျဉ်းကတိုးသစ်လုံးခြောက်လုံး၊ ပျဉ်းကတိုးတိုင် ၁၀ လုံး၊ ရိုးမကြိုးပြင် ကာကွယ်တော (V) အတွင်းမှ ပိုင်ရှင်မဲ့ ကျွန်းသစ်လုံး ၁၁ လုံး၊ ရိုးမကြိုးပြင် ကာကွယ်တော (XXI) အတွင်းမှ ပိုင်ရှင်မဲ့ကျွန်းတိုင် ၁၃ လုံး၊ ကျွန်းခွဲ သား ၁၆၄ ချောင်း၊ အနောက် ဆွာကြိုးဝိုင်း အကွက်အမှတ်-၁၀၆ မှ ပိုင်ရှင်မဲ့ ပျဉ်းကတိုး ၁၃ လုံး၊ ပန်းဘဲ တိုးချဲ့ကြိုးဝိုင်းအတွင်းမှ ပိုင်ရှင်မဲ့ ကျွန်းသစ် ငါးလုံး၊ ကျွန်းတိုင် နှစ်တိုင်၊ ပျဉ်းကတိုး သစ်တစ်လုံး၊ ရိုးမကြိုး ပြင်ကာကွယ်တော (X) အတွင်းမှ ကျွန်းခွဲသားကိုးချောင်းစုစုပေါင်း ဖမ်းဆီးရမိသည့် တရားမဝင်ကျွန်း ၁၂ ဒသမ ၈၅၄၈ တန်၊ သစ်မာ ၂၃ ဒသမ ၆၇၄ တန်၊ ဆိုင်ကယ်သုံးစီး စုစုပေါင်း ၃၆ ဒသမ ၅၂၈၈ တန်ဖြစ်ပြီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## နေအိမ်မီးလောင်ရာမှ ကလေးတစ်ဦးသေဆုံး

**ညောင်လေးပင် မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အင်းကုန်းကျေးရွာအုပ်စု တောက်တာကုန်းကျေးရွာ၌ မတ် ၉ ရက်က နေအိမ်မီးလောင်ရာမှ ကလေးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် အင်းကုန်းကျေးရွာအုပ်စု တောက်တာကုန်း ကျေးရွာနေ ဦးမျိုး( ၃၇ နှစ်) ဇနီး မသန်းမော်တို့ပိုင်ဆိုင်သော သုံးပင်ပတ်လည် တောင်ထန်းမိုး၊ ထရံကာ၊ ဝါးကြမ်းခင်းနေအိမ်တွင် မတ် ၉ ရက်က ဦးမျိုး လယ်တောသို့ ပဲနုတ်သွားစဉ် ဇနီးဖြစ်သူက အိမ်၌ ကလေးကိုသိပ်ထားပြီး သောက်ရေသွားပို့ခဲ့သည်။ ထိုသို့သွားပို့စဉ် ခဏအတွင်း နေအိမ်ရှိ မီးဖိုမီးကွင်း မီးကျန်မှမီးလောင်ကျွမ်းခဲ့ရာ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် ညနေ ၃ နာရီက မီးငြိမ်းသွားပြီး မီးလောင်ကျွမ်းမှုကြောင့် နေအိမ်တွင်ကျန်ရှိနေခဲ့သော သားဖြစ်သူ ၁၀ လသားအရွယ် မောင်သန့်ဇင်ဖြိုးမှာ မီးလောင်၍သေဆုံးသွားခဲ့သည်။

**နေလင်း(ညောင်လေးပင်)**

## မြေစာပြိုကျ၍ လူနှစ်ဦး သေဆုံး

**မိုးညှင်း မတ် ၁၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်ဇင်းရဲစခန်းပိုင်နယ်မြေ ပင်းယံခရပ်ကွက်အတွင်း မတ် ၉ ရက်က မြေစာပြိုကျ၍ လူနှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၉ ရက်က ဆယ်ဇင်းရဲစခန်း စခန်းမှူး ရဲအုပ် ရန်အေးတာဝန်ထမ်းဆောင်နေစဉ် ပင်းယံခရပ်ကွက်မှူးဦးလင်းဇော်က ပင်းယံခရပ်ကွက်အတွင်း မြေစာပြိုကျ၍ လူနှစ်ဦးသေဆုံးကြောင်း အကြောင်းကြားလာသဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်သူဖြိုးနှင့်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ပင်းယံခရပ်ကွက်အတွင်း ရွှေမျှောတိုက်ရာ အနက်ပေ ၂၀ ခန့်ရှိ မြေစာပုံ မြေကျင်းအတွင်း ရပ်ကွက်နေ အောင်လွင်ဦး၊ အေးသာမျိုးအောင်၊ ဦးဇော်ဝင်း၊ ဦးနေလင်းအောင်၊ ဦးမျိုးလင်းတို့နှင့်အတူ မြေစာများအား သယ်ယူ၍ ရွှေကျင် နေစဉ် မြေစာများပြိုကျလာပြီး အောင်လွင်ဦးနှင့် အေးသာမျိုးအောင်တို့မှာ ပိမိနေကြောင်းကို မျက်မြင်သက်သေများဖြစ်သော ဦးလင်းဇော်၊ ဦးသန်းစိုးထွန်းတို့နှင့်အတူ ပြန်လည်တူးဖော်ခဲ့ရာ အောင်လွင်ဦး (၃၄နှစ်)နှင့် အေးသာမျိုးအောင် (၂၈နှစ်)သည် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သေမှုသေခင်းဖွင့်ကာ ရဲဆေးစာဖြင့် တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ အမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဆယ်ဇင်းရဲစခန်းမှ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၄၉)**

မှုခင်းသတင်းများ

## ယာဉ်အရှိန်မထိန်းနိုင်၍ တိမ်းမှောက်

**နေပြည်တော် မတ် ၁၂**

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ရေဖြူကျေးရွာအနီးတွင် လဲချား-ရေဖြူ ကျေးရွာချင်းဆက်လမ်းအတိုင်း လဲချားရွာသစ်မှ တောင်လေးလုံးကြံစက်သို့ ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာနေ ချစ်မောင်(၄၄)နှစ် မောင်းနှင်ပြီး ကြံနှင့် ကြံခုတ်အလုပ်သမားများအား တင်ဆောင်လာသော 2G/×××× (၆)ဘီးယာဉ်သည် မတ် ၈ ရက် ညနေ ၅ နာရီခွဲက ရေဖြူကျေးရွာမြောက်ဘက်(၁)မိုင်ခန့်အကွာတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ကြောင်း သိရှိရသည်။ ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ရပ်စောက်မြို့နယ် ညောင်သုံးပင်ကျေးရွာနေ ဒေါ်ဝင်းကြည် (၅၀နှစ်) နှင့် ဒေါ်သန်းကြင် (၅၁ နှစ်)၊ ရတနာပုံ အနောက်ကျေးရွာနေ မဥမ္မာသင်း (၂၆နှစ်) နှင့် မမိုးမိုးဆန်း (၁၅နှစ်) တို့ လေးဦးတွင် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ၁၂ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ချစ်မောင်အား ရပ်စောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

## အပူရှိန်လွန်ကဲ၍ မီးလောင်မှုဖြစ်

**ပုသိမ် မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းရှိ "နေကြာမိုး" စက်ဘီးနှင့်ဆိုင်ကယ် အပိုပစ္စည်းအရောင်းဆိုင်တွင် မတ် ၈ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ ပုသိမ်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်လေးစီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ ဆိုင်ပိုင်ရှင်ဖြစ်သူ အမှတ်(၁) ရပ်ကွက်နေ ဝင်းထွန်းနိုင်(၃၂နှစ်)သည် ဆီတိုင်ကီအတွင်းရှိ Octane ဆီများအား ကော်ပုံးအတွင်းသို့လှယ်ထည့်စဉ် အပူရှိန်လွန်ကဲရာက မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ဝင်းထွန်းနိုင်အား ပုသိမ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **ကိုရဲ**

## ငဖဲမြို့နယ်တွင် ဖူဆိုမှန်လုံယာဉ်တိမ်းမှောက်

**မင်းဘူး မတ် ၁၂**

မင်းဘူးခရိုင် ငဖဲမြို့နယ် မင်းဘူး-အမ်းကားလမ်းအတိုင်း စစ်တွေမှ မန္တလေးသို့ ယာဉ်မောင်း ဘခိုင်မောင်းနှင်လာသည့် နန်းတော်ဝင်ယာဉ်လိုင်းမှ 3B /. . . ဖူဆိုမှန်လုံခရီးသည်တင်ယာဉ်သည် မတ် ၉ ရက် ည ၉ နာရီခွဲက ခရီးသည်များအား တင်ဆောင်၍ မောင်းနှင်လာစဉ် နတ်ရေကန်တောင်ရှောင်ကွင်းလမ်းမိုင်တိုင်အမှတ် (၄/၁) အရောက် ကုန်းအဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရှိ ပေ ၁၅၀ ခန့်နက်သော ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ အမျိုးသား ကိုးဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၆ ဦးဒဏ်ရာများရရှိခဲ့ပြီး ယာဉ်မောင်း ဘခိုင်၊ ယာဉ်နောက်လိုက် ရဲထိုက်နှင့် ရဟန်းတစ်ပါး (နေရပ်လိပ်စာစိစစ်ဆဲ)တို့မှာ အခင်းဖြစ်နေရာတွင် ကားပိသေဆုံးခဲ့ကြောင်းသိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပက်သက်၍ ယာဉ်မောင်း ဘခိုင် အား ငဖဲမြို့နယ် မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျ**

## လိုင်စင်မဲ့ဆေးကုသသူအား အရေးယူ

**ဂန့်ဂေါ မတ် ၁၂**

ဂန့်ဂေါခရိုင် ဆောမြို့နယ် သလယ်ကျေးရွာနေ သိန်းဇော်မြင့် အသက်(၄၀နှစ်)သည် ၎င်း၏နေအိမ်တွင် လိုင်စင်မဲ့ဆေးကုပေးနေကြောင်း သတင်းအရ မတ် ၉ ရက် မွန်းလွဲ ၂ နာရီက ဆောမြို့မရဲစခန်းမှူး ဒုရဲအုပ် မှိုင်းဝေနှင့်အဖွဲ့ သက်သေဆယ်အိမ်မှူးများနှင့်အတူဝင်ရောက်ရှာဖွေခဲ့ရာ သိန်းဇော်၏ နေအိမ်ခေါင်းရင်းခန်း ၎င်းအိပ်ရာအနီးရှိ သေတ္တာအတွင်းမှ ဆေးဝါးကုသရာတွင်အသုံးပြုသော သွေးပေါင်ချိန်တိုင်းကိရိယာတစ်ခု၊ နားကြပ်တစ်ခု၊ ဆေးထိုးအပ် ၁၄ချောင်း၊ ဆေးထိုးပုလင်း ၁၁မျိုး၊ သောက်ဆေးပြားငါးမျိုး တို့အားရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ တရားမဝင်ဆေးကုသသူ သိန်းဇော်မြင့်အား ဆောမြို့နယ် မြို့မရဲစခန်းက အရေးယူထားကြောင်းသိရသည်။ **ကျော်ဇေယျ**

## ကျောက်ထုစခန်းမှ တရားခံပြေးဖမ်းဆီးရမိ

**ရေတာရှည် မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရေနီကျေးရွာအုပ်စု တပ်ပိုး(၁)ရပ်ကွက်၌ ရဲဘက်မှ ထွက်ပြေးလာသူတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရသွားရောက်ဖမ်းဆီးခဲ့ရာ ဇော်ဝင်း( ၂၀ နှစ်) တပ်ပိုး(၁)ရပ်ကွက်နေသူကို ဖမ်းဆီးရမိခဲ့သည်။ ဇော်ဝင်းသည် လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေရဲစခန်းမှ အမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ်ကို ရမည်းသင်းအကျဉ်းထောင်၌ကျခံရပြီးနောက် လွန်ခဲ့သောတစ်လခွဲခန့်က ကရင်ပြည်နယ် ဘားအံမြို့ မာလာဦးကျောက်ထုစခန်းသို့ ပို့ဆောင်ထားသူဖြစ်ကာ ၎င်းကျောက်ထုစခန်းမှ ထွက်ပြေးလာခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။ **(၄၁၀)**

တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမယ့် သွေးထိုးလှုံ့ဆော်မှုတွေကိုလည်း တရားဥပဒေနဲ့အညီ ပြတ်သားစွာ အရေးယူဆောင်ရွက်နိုင်ဖို့ ပြည်သူအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းပါဝင်ကြဖို့လိုပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် မတ် ၁၂**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဖီဒယ် ဗီ ရာမို့စ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာစန်းလွင်၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဒေါ်လှဲ့လှဲ့သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ ဖီဒယ် ဗွီ ရာမို့စ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E.Alex G.Chua လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ အခြေခံကျန်းမာရေးလုပ်ငန်းများနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# လောက်ကိုင်ဒေသသို့ထောက်ပံ့ပစ္စည်းများ ပို့ဆောင်သည့်ယာဉ်တန်းအား အလစ်အငိုက် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မတ် ၁၂**

လားရှိုးမြို့မှ လောက်ကိုင်ဒေသသို့ ထောက်ပံ့ပစ္စည်းများပို့ဆောင်သည့် ယာဉ်တန်းအား မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မာလီရှူးဝါးအနီး၌ ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့က စတင်နှောင့်ယှက်ပစ်ခတ်ခဲ့ပြီးနောက် သောင်းကျန်းသူ အင်အားစုအချို့ ထပ်မံရောက်ရှိလာကာ ယာဉ်တန်းအား ဝိုင်းပတ်ပစ်ခတ်တိုက်ခိုက်ခဲ့၍ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

တပ်မတော်စစ်ကြောင်းများက လက်နက်ကြီး ပစ်ကူများရယူ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ဆုတ်ခွာသွားရာနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

ထို့အတူ ပါစင်ကျော်ကျေးရွာအနီး လမ်းကြောင်းလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းက ညနေ ၃ နာရီခန့်တွင် ကားလမ်းအရှေ့မြောက်ဘက်တောင်ကြောမှ မသင်္ကာဖွယ်လူတစ်ဦးဆင်းလာသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရန်ရပ်တန့်ခိုင်းရာ

*စာမျက်နှာ ၁၂ ကော်လံ ၃* ❁

# တရုတ်-အာဆီယံ ယူ-၁၅ ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း တတိယနေရာရရှိ

ဖိုးသော်ဇင်



**ပေကျင်း မတ် ၁၂**

တရုတ်-အာဆီယံ ယူ-၁၅ ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယမန်နေ့က တရုတ်နိုင်ငံ၌ ကျင်းပခဲ့ရာ မြန်မာအသင်းက တတိယနေရာ ရရှိခဲ့သည်။

မြန်မာအသင်းသည် တတိယနေရာလုပွဲတွင် အိမ်ရှင်တရုတ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး ပြည့်စုံနိုင်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် မလေးရှားအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုတွင်းတွေ့ဆုံစဉ်ကလည်း တရုတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်ပင် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲကို လေးသင်းပတ်လည်ကစားခဲ့ပြီး အမှတ်အများဆုံးနှစ်သင်းသည် ဗိုလ်လုပွဲနှင့် အောက်ဆုံးနှစ်သင်းသည် တတိယနေရာလုပွဲကစားခဲ့ရခြင်းဖြစ်သည်။

## ယနေ့ မာတိကာ

Solar Impulse-2 အိန္ဒိယနိုင်ငံ၌ ဆင်းသက် စာ » ၄

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် (Ensuring Good Governance) စာ » ၂၂၊ ၂၃

ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်
TUN FOUNDATION BANK LIMITED
CALL DEPOSIT (ခေါ်ယူအပ်ငွေစာရင်း)
အတိုးနှုန်းမှာ
ကျပ်(၁)သိန်း မှ ကျပ်သိန်း(၁၀၀) အထိ (၄.၅၀)%
ကျပ်သိန်း(၁၀၀) အထက် (၈.၂၅)%
ခေါ်ယူအပ်ငွေစာရင်းအပ်နှံငွေများအတွက် မြင့်မားသောအတိုးနှုန်းများဖြင့် နေ့စဉ်လက်ကျန်ငွေအပေါ်တွင် အတိုးတွက်ချက်ဆောင်ရွက်ပေးနေပါပြီ

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS